# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**စောင့်ရှောက်ထားအပ်သောစိတ်**

အလွန့်အလွန်မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော၊ အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက် | ၂၀၂၂ ခုနှစ်၊ မတ် ၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၁)၊ အမှတ် (၁၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးပြီး ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံအလိုက် မျိုးသန့်မျိုးစေ့များထုတ်လုပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိ

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၂ ခုနှစ်၊ မတ်လ ၂ ရက်

**ချစ်ခင်လေးစားရပါသော လယ်ယာစီးပွားလုပ်ငန်းနှင့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်တစ်ဝန်းလုံးရှိ လယ်ယာစီးပွားလုပ်ငန်းရှင် တောင်သူလယ်သမားများကို အလေးအနက်ဂုဏ်ပြုသတ်မှတ်ထားသည့် **တောင်သူလယ်သမားနေ့** ရက်မြတ်အချိန်အခါတွင် လယ်ယာစီးပွားလုပ်ငန်းများနှင့် တောင်သူလယ်သမားများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာ၍ ကောင်းကျိုးမင်္ဂလာအဖြာဖြာတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးနိုင်ငံအဖြစ် ပုဂံခေတ်မတိုင်မီမှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်းထောင်ချီ ရပ်တည်လာခဲ့ပြီး မြန်မာနိုင်ငံသားအများစုမှာ တောင်သူလယ်သမားများ သို့မဟုတ် လယ်ယာစီးပွားရေးကို အမှီပြု၍ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသူများဖြစ်ပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်မှာ ကျေးလက်ဒေသတွင် နေထိုင်ပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြသူများဖြစ်သည့်အတွက် မြန်မာနိုင်ငံအတွက် အဓိကအရေးပါသူများဖြစ်ပါသည်။


*စာမျက်နှာ ၃ ကော်လံ ၁*❄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မတ် ၁**

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။


*စာမျက်နှာ ၄ ကော်လံ ၁*۞






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ၂၀၂၂ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

မြန်မာ့အလင်း

## တောင်သူလယ်သမားတို့၏ လူမှုဘဝနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေဖို့

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးအခြေခံစီးပွားရေး အဓိကနိုင်ငံဖြစ်ရာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ရှိသော ကျေးလက်နေ တောင်သူလယ်သမားများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် မတ်လ (၂) ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ် သတ်မှတ်ပေးခဲ့သည်။ စိုက်ပျိုးမွေးမြူထုတ်ကုန်များမှ ပြည်ပဝင်ငွေရရှိရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးတို့အတွက် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တောင်သူလယ်သမားကြီးများက တာဝန်ယူကာ စိုက်ပျိုးမွေးမြူထုတ်လုပ်ပေးနေကြခြင်းကြောင့်သာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် ပြည်သူအားလုံး အာဟာရပြည့်ဝစွာ၊ အစားအစာဘေးကင်းလုံခြုံစွာ စားသုံးခွင့်ရရှိနေကြခြင်းဖြစ်သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့မှုဖြစ်ပွားခြင်းနှင့် နိုင်ငံရေးအပြောင်းအလဲတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပေါ်ခြင်း စသည့်အကြောင်းတရားများကြောင့် လယ်ယာစိုက်ပျိုးရေးကျဆင်းပြီး စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်လျော့နည်းစေနိုင်သည့်အခြေအနေများ ဖြစ်ခဲ့သော်လည်း လယ်ယာသားငါးထုတ်လုပ်မှု အရှိန်အဟုန်ကျဆင်းခြင်း မရှိခဲ့သည်မှာ တောင်သူလယ်သမားကြီးများ၏ ကြိုးပမ်းအားထုတ်မှုများကြောင့်ပင်ဖြစ်သည်။ ပြည်ပအဖွဲ့အစည်းအချို့မှ လူပုဂ္ဂိုလ်အချို့က မြန်မာနိုင်ငံတွင် လူဦးရေသန်းနှင့်ချီ၍ အငတ်ဘေးဆိုက်လိမ့်မည်ဟုပင် ထုတ်ဖော်ဝေဖန်ခဲ့ရာ ၎င်းတို့၏ တွက်ကိန်းနှင့်ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်ခဲ့သည်။

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ကျေးရွာချင်းဆက်လမ်းတံတား၊ ကျေးလက်ကုန်ထုတ် လမ်းတံတားစီမံကိန်းများ၊ ကျေးလက်မီးလင်းရေးလုပ်ငန်းများ၊ သောက်သုံးရေရရှိရေးလုပ်ငန်းများကြောင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူနေမှုဘဝများမှာ များစွာတိုးတက်လာခဲ့ပြီး ကျေးလက်ဒေသများ၏ မြင်ကွင်းများမှာလည်း ပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ ထို့အပြင် ကျေးလက်ဒေသ၏ ပင်မစီးပွားရေးဖြစ်သော စိုက်ပျိုးမွေးမြူကုန်ထုတ်လုပ်မှုများအတွက် ပညာပေးအစီအစဉ်များ၊ ဈေးကွက်နှင့် ငွေကြေးဆိုင်ရာ အကူအညီပေးမှုများကလည်း စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝတို့ကို မြင့်မားတိုးတက်စေသည်။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် အရေးကြီးသည့်အချက်မှာ ကျေးလက်ဒေသမှ လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်သည်။ နိုင်ငံတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်၏ အများစုကြီးမှာ ကျေးလက်ဒေသများတွင် ရှိနေပြီး ပြည်တွင်းနှင့် ပြည်ပသို့ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် အမြောက်အမြားထွက်ခွာလျက်ရှိကြရာ အဓိကအချက်မှာ လယ်ယာလုပ်ငန်းခွင်မှ ဝင်ငွေက ဆွဲဆောင်မှုမရှိခြင်းကြောင့်ပင် ဖြစ်သည်။ အောက်ခြေလယ်ယာလုပ်သားများ၏ မိသားစုများတွင် ပညာရေးအားဖြင့်လည်း ပျမ်းမျှအားဖြင့် အခြေခံပညာအလယ်တန်း အောက်အဆင့်မျှသာဖြစ်သည့်အတွက် ကျွမ်းကျင်မှုမြှင့်တင်ပေးခြင်း၊ ဝင်ငွေရလမ်းအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

မိမိတို့နိုင်ငံကို လယ်ယာထုတ်ကုန်များ တင်ပို့ရောင်းချသည့်နိုင်ငံအဆင့်မှသည် စိုက်ပျိုးရေးအခြေခံစက်မှုနိုင်ငံ၊ နည်းပညာမြင့် စက်မှုနိုင်ငံ စသည်ဖြင့် အဆင့်ဆင့်တည်ဆောက်သွားရမည့်ခရီးရှည်အတွင်း တောင်သူလယ်သမားများ၏ ကဏ္ဍမှာ အနာဂတ်ကာလများစွာအထိ အရေးပါနေမည်ဖြစ်သည်။ တောင်သူလယ်သမားတို့၏ လူနေမှုဘဝများ မြင့်မားရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အဓိကအကျဆုံးမှာ တောင်သူလယ်သမားများပင်ဖြစ်ရာ ထက်သန်သည့် စိတ်ဓာတ်၊ မြင့်မားသည့် ဉာဏ်ပညာ၊ ကြီးမားသည့် လုံ့လဝီရိယတို့ဖြင့် အားထုတ်ကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

## (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေး လုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

## ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့်အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၂၈-၂-၂၀၂၂ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၁-၁-၂၀၂၂ ရက်စွဲပါ ကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာ အပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့်စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်လျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့်ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည်ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
၂၀၂၂ ခုနှစ်၊ မတ် လ ၁ ရက်

## ဆည်ရေလွှတ်ချိန်

* မှိုင်းမှုန်ပျပျ၊ နွေကာလဝယ်
မှန်းဆရည်ရော် မိုးမမျှော်
ဆည်ရေရလို့ အလွန်ပျော်။

* ရွက်ဝါကြွေလူး၊ ခါနွေဦးဝယ်
လေရူးကပွေ၊ မြူမှုန်ဝေ၍
ဤမြေတစ်ကြော၊ ငှက်ဥဩလည်း
လွမ်းမောစရာ၊ တေးသီကာဖြင့်
ခါနွေအဆန်း၊ တောမြိုင်တန်းဝယ်
နွေပန်းအင်ကြင်း ပျံ့ထုံသင်း။

* နွေနေပူပြင်း၊ နွေအခင်းဝယ်
လယ်ကွင်းကိုကြည့်၊ ရွှင်ပီတိနှင့်
ကွင်းပြည့်အောင်ရေ၊ ဖိတ်ဖိတ်ဝေပြီ
သည်နွေစပါး ထွက်တိုးပွား
ဆည်ရေအများ ဆက်ကျိုးတရား။

* ဩော်- ပြိုင်စံမပေါ်
နိုင်ငံတော်က၊ ပြည့်ဝစေတနာ
မကွာယနေ့၊ လက်တွေ့ဖော်ပြီ
သည်ဆည်သည်ရေ၊ သည်နွေစပါး
ကြိုးစားရိုးသား၊ လယ်သမားတို့
လုပ်အားတန်ဖိုးမြင့်မြဲကို။ ။

နှင်းဇာခြည်မြင့်(ရွှေကျွန်းမြေ)

*❊ ရွှေဖုံးမှ*

တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာဖူလုံစေရေးနှင့် အဓိကဝင်ငွေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြသူများ ဖြစ်သဖြင့် ကျေးဇူးရှင်တောင်သူဦးကြီးများဟုပင် မြန်မာနိုင်ငံသားအားလုံးက တင်စားပြောဆိုခဲ့ကြပြီး နှစ်စဉ် မတ်လ (၂) ရက်နေ့ကို တောင်သူ လယ်သမားနေ့အဖြစ် ဂုဏ်ယူသတ်မှတ်ပေးခဲ့ကြပါသည်။

ယနေ့အချိန်ကာလတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံသာယာဝပြောမှု ရှိစေရန်၊ စားရေရိက္ခာပေါများပြီး နိုင်ငံသူ၊ နိုင်ငံသားများအားလုံး စားနပ်ရိက္ခာနှင့် အာဟာရပြည့်ဝစွာရရှိစေရန် ဦးစားပေးလုပ်ဆောင်လျက်ရှိပါသည်။ နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာအတွက် တာဝန်ယူထုတ်လုပ်ပေးလျက်ရှိကြသော လယ်ယာစီးပွားလုပ်ငန်းရှင် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးကိုလည်း အလေးထား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါသည်။

## ❖ နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများ၏ နေ့စဉ်စားနပ်ရိက္ခာအတွက် တာဝန်ယူထုတ်လုပ်ပေးလျက်ရှိကြသော လယ်ယာစီးပွားလုပ်ငန်းရှင် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးကိုလည်း အလေးထား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

၂၀၂၀-၂၀၂၁ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကဏ္ဍအသီးသီး၏ ကုန်ထုတ်လုပ်မှုတွင် အဟန့်အတားများစွာ ဖြစ်ပေါ်ခဲ့သော်လည်း အဓိကစားနပ်ရိက္ခာများ ထုတ်လုပ်မှုတွင် မူလအတိုင်းထုတ်လုပ်နိုင်ခဲ့သည့်အတွက် လယ်ယာသားငါးကဏ္ဍ ထုတ်လုပ်မှု အရှိန်အဟုန်မကျဘဲ တိုးတက်မှုနှုန်း( ၁ )ရာခိုင်နှုန်း ရရှိခဲ့ပါသည်။

လယ်ယာသားငါးကဏ္ဍအနေဖြင့် ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး(GDP)တွင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းနှင့် ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး၏ ၃၅ ဒသမ ၁ ရာခိုင်နှုန်း ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။

စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် မိုးစပါးစိုက်ဧက ၁၅ ဒသမ ၀၁ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်းသန်းပေါင်း ၁၀၅၃ ဒသမ ၇၃ တင်းထွက်ရှိခဲ့ပါသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက စိုက်ဧက (၈၁,၃၄၃)ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ပြီး အထွက်တင်း သန်းပေါင်း ၂ ဒသမ ၆၈ တင်း ပိုမိုထုတ်လုပ်နိုင်ခဲ့ပါသည်။ ပဲမျိုးစုံစိုက်ဧက ၉ ဒသမ ၆၃ သန်း စိုက်ပျိုးခဲ့ပြီး အထွက်တင်း သန်းပေါင်း ၂၄ ဒသမ ၁၆ တင်း၊ ဆီထွက်သီးနှံစိုက်ဧက ၇ ဒသမ ၃၇ သန်းနှင့် အထွက်တင်း သန်းပေါင်း ၉၆ ဒသမ ၂၂ တင်း၊ အစေ့ထုတ်ပြောင်းစိုက်ဧက ၁ ဒသမ ၄၉ သန်း ဖြစ်ပြီး အထွက်တင်း သန်းပေါင်း ၇၉ ဒသမ ၆၅ တင်းထွက်ရှိခဲ့ပါသည်။

အသား၊ ဥ၊ နို့ထုတ်လုပ်မှုအနေဖြင့် အသားပိဿာ ၆၂၄ ဒသမ ၁၂ သန်း၊ ဥအလုံးရေ ၃၀၆၁ ဒသမ ၄၄ သန်း၊ နို့ပိဿာ ၁၁၇၂ ဒသမ ၂၂ သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။ ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက အသား ပိဿာ ၅၂ ဒသမ ၂၅ သန်း၊ ဥအလုံးရေ ၃၈၇ ဒသမ ၀၁ သန်းနှင့် နို့ပိဿာ ၂၄ ဒသမ ၅၃ သန်း တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ပစ္စည်းများထုတ်လုပ်မှုတွင် ရေချိုငါး/ပုစွန်မှ တန်ချိန် ၂ ဒသမ ၇ သန်း၊ ရေငန်မှ တန်ချိန် ၃ ဒသမ ၂ သန်း စုစုပေါင်းတန်ချိန် ၅ ဒသမ ၉သန်း ထွက်ရှိခဲ့ပါသည်။

လယ်ယာသားငါး အဓိကထွက်ကုန်များ ပြည်ပသို့ တင်ပို့မှုအနေဖြင့် ဆန်နှင့် ဆန်ကွဲတန်ချိန် ၁ ဒသမ ၆၆ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၇၈ ဒသမ ၉၄ သန်း၊ ပဲမျိုးစုံတန်ချိန် ၁ ဒသမ ၇၅ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၃၂၄ ဒသမ ၂၇ သန်း၊ ပြောင်းတန်ချိန် ၂ ဒသမ ၅၄ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၄၀ ဒသမ ၁ သန်း၊ နှမ်းတန်ချိန် ၀ ဒသမ ၁၈ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၃၆ ဒသမ ၃၃ သန်း၊ ရော်ဘာစိမ်းတန်ချိန် ၀ ဒသမ ၂၄ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၅၈ ဒသမ ၁၁ သန်းနှင့် ရေထွက်ပစ္စည်းတန်ချိန် ၀ ဒသမ ၅၁ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၇၀၅ ဒသမ ၆၃ သန်း အသီးသီးတင်ပို့နိုင်ခဲ့ပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြည်တွင်း/ ပြည်ပကုန်သွယ်မှုကန့်သတ်ချက်များရှိနေသည့်ကြားမှ ပုံမှန်အခြေအနေမဟုတ်သော်လည်း ပြည်ပတင်ပို့မှုအနေဖြင့် **လယ်ယာထွက်ကုန်မှ** အမေရိကန်ဒေါ်လာ ၃၆၅၀ ဒသမ ၂၈ သန်း၊ **တိရစ္ဆာန်ထွက်ပစ္စည်းမှ** အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၁ သန်းနှင့် **ရေထွက်ပစ္စည်းမှ** အမေရိကန်ဒေါ်လာ ၇၀၅ ဒသမ ၆၃ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၃၆၁ ဒသမ ၄၂ သန်းကို တင်ပို့နိုင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားများနှင့်တကွ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်သူများအားလုံးအနေဖြင့် ယခုကဲ့သို့ ကိုဗစ်-၁၉ ကူးစက်ရောဂါ ပြန့်ပွားနေသည့်ကာလအတွင်းမှာပင် ထုတ်လုပ်မှုများ မလျော့ကျစေရန်၊ ပြည်သူများ စားနပ်ရိက္ခာဖူလုံစေရန်နှင့် ပြည်ပပို့ကုန်မကျဆင်းစေရန် အခက်အခဲများကြားမှ အချိတ်အဆက်မိမိ အားထုတ်ကြိုးပမ်းခဲ့မှုများအားလုံးနှင့် အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင် စိတ်ဓာတ်အပြည့်အဝဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိကြသော တောင်သူလယ်သမားကြီးများကို အလေးအနက်ဂုဏ်ပြုပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

နိုင်ငံတော်အနေဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ ရေကို အကျိုးရှိရှိထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေလိုအပ်ချက်နည်းသော သီးနှံများ၊ ရေကြီးနစ်မြုပ်မှုဒဏ်ခံသီးနှံနှင့် ရောဂါနှင့် ပိုးမွှားဒဏ်ခံနိုင်သောသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဒေသနှင့် ကိုက်ညီသောသီးနှံနှင့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးခြင်း၊ ရေကို ချွေတာသုံးစွဲနိုင်သည့် ခေတ်မီရေသွင်းစနစ်များ အသုံးပြုစိုက်ပျိုးစေခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ပြင် စက်မှုလယ်ယာကူးပြောင်းနိုင်ရေးအတွက် အဆင့်မြင့်လယ်ယာမြေကွက်များ၊ လယ်ကြားလမ်းနှင့် ရေသွင်းရေထုတ်မြောင်းများ ဖော်ထုတ်ပေးခြင်း၊ အပူပိုင်းဇုန်ဒေသများတွင် နေရောင်ခြည် စွမ်းအင်သုံးရေတင်လုပ်ငန်း(Solar Pumping System)များ ဆောင်ရွက်ပေးခြင်း၊ ရေစုကန်၊ ရေလှောင်ကန်များ ဆောင်ရွက်ပေးခြင်းဖြင့် တောင်သူလယ်သမားများ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ အစဉ်တစိုက်ဆောင်ရွက်လျက်ရှိပါသည်။

အလားတူပင် တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်များ အပြည့်အဝသုံးစွဲစိုက်ပျိုးပြီး ဝင်ငွေတိုးတက်စေရေးအတွက် သီးနှံအလိုက် မျိုးသန့်မျိုးစေ့များထုတ်လုပ်ခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်အသုံးပြုနိုင်စေရေးအတွက် ၂၀၁၉ ခုနှစ်မှစ၍ မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်စီစဉ်ပြသဆောင်ရွက်ပေးလျက်ရှိပါသည်။ ဆက်လက်၍လည်း ပြည်နယ်/တိုင်းဒေသကြီးများအလိုက် နှစ်စဉ်မျိုးစေ့ပြပွဲများ ဆောင်ရွက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ကျွဲ၊ နွား၊ သိုး၊ ဆိတ်နှင့် တိရစ္ဆာန် ပြပွဲပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးလျက်ရှိပါသည်။

ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်ရေး၊ ငါးမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး၌ (၂)လက်မအရွယ် ငါး/ပုစွန်သားပေါက်ကောင်ရေ ၁၄၀ ဒသမ ၆၅ သန်းအား ငါးမျိုးစိုက်ထည့်နိုင်ခဲ့ပါသည်။ ပုဂ္ဂလိကကဏ္ဍမှလည်း ငါးသားပေါက် (ငါးမှုန်ငါးသန်) သန်း ၉၆၆ ဒသမ ၈၇ ကို ထုတ်လုပ်ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ သယ်ယူပို့ဆောင်မှု လွယ်ကူလျင်မြန်စေရန် ကျေးလက်ကုန်ထုတ်လမ်းစုစုပေါင်း (၁၁၈၆/၀.၂) မိုင်၊ ကုန်ထုတ်တံတား(၁၇၂၀)ခု ဆောင်ရွက်နိုင်ခဲ့ပြီး ကျေးရွာပေါင်း (၁၄၆၉)နှင့် စိုက်ပျိုးမွေးမြူရေးဧက (၇.၈၆)သိန်းကို အကျိုးပြုစေခဲ့ပါသည်။ ကျေးလက်ဒေသ မီးလင်းရေးအတွက် ကျေးရွာပေါင်း (၁၀၁) ရွာ၊ အိမ်ခြေ(၁၀၂၇၈)အား ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်း၊ လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်၊ မိုးရေလှောင်ကန် စသည့်ရေရရှိရေးလုပ်ငန်းပေါင်း (၅၂၆၈)ခုကို အိမ်ခြေ ၇ ဒသမ ၂ သိန်း၊ လူဦးရေ ၃ ဒသမ ၅ သန်း အတွက် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် တောင်သူလယ်သမားများ၏ သီးနှံများ ထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းကာကွယ်နိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါသည်။

တစ်ဖက်တွင် သစ်တောပြုန်းတီးမှု ကာကွယ်ထိန်းသိမ်းခြင်းနှင့် မြေဆီလွှာထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ရမည့်အပြင် ရေရှည်စိုက်ပျိုးနိုင်ပြီး မြေဆီလွှာအရည်အသွေး တိုးတက်မြင့်မားလာစေမည့် သဘာဝမြေသြဇာများ တိုးတက်အသုံးပြုခြင်းအပါအဝင် သီးနှံစိုက်ပျိုးနည်းစနစ်များကိုလည်း ပြောင်းလဲကျင့်သုံးသွားရမည်ဖြစ်ပါသည်။

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ပါက စားနပ်ရိက္ခာမလုံလောက်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးနှင့် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းအားကောင်းရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကအဖွဲ့များပူးပေါင်း၍ အရန်မျိုးစေ့များစုဆောင်းထားရှိခြင်း၊ ရန်ပုံငွေများ လျာထားသတ်မှတ်ခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်း၊ သီးနှံပျက်စီး ဧရိယာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အသင့်ဖြစ်စေရန် ဆောင်ရွက်လျက်ရှိပါသည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးကို အထောက်အကူဖြစ်စေရန် အကျိုးတူကန်ထရိုက်လယ်ယာစနစ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ လက်ရှိပြဋ္ဌာန်းထားသော လိုက်နာဆောင်ရွက်သင့်သော နည်းလမ်းများနှင့် ညီညွတ်စေရန် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဌာနများ ပေါင်းစပ်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးရန်နှင့် လယ်ယာထွက်ကုန်များ၏ ဈေးကွက်နှင့် ဈေးနှုန်းတို့ကို အာမခံပေးနိုင်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ပူးပေါင်း ဆောင်ရွက်မှုစွမ်းအားကိုလည်း ရယူဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**“ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုကုစားရေးအတွက် တောင်သူလယ်သမားများရင်းနှီးမြှုပ်နှံနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေ ၁၉၂၆ ဒသမ ၆၁ ဘီလီယံကျပ်၊ JICA နှင့် မြန်မာ့စီးပွားရေးဘဏ်၏ နှစ်ဆင့်ချေးငွေ (Two Step Loan) ၁၈၂ ဒသမ ၁၉ ဘီလီယံကျပ်၊ ကိုဗစ်-၁၉ အထူးချေးငွေ ၄၂၁ ဒသမ ၂၉ ဘီလီယံကျပ် စုစုပေါင်း ၂၅၃၀ ဒသမ ၀၉ ဘီလီယံကျပ် ထုတ်ချေးပေးထားပြီးဖြစ်”**

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝအခြေအနေ မြင့်တက်လာစေရန် မြေပြုပြင်စိုက်ပျိုးသည်မှ ဈေးကွက်သို့ တင်ပို့ရောင်းချသည်အထိ ထုတ်လုပ်မှုကွင်းဆက် (Supply Chain) တစ်လျှောက် ပါဝင်ပတ်သက်သူများ အချင်းချင်းအကြား ယုံကြည်မှုများ တည်ဆောက်ပြီး ပေါင်းစပ်ဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါသည်။

တောင်သူလယ်သမားများ၏ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ ၂၀၁၉ ခုနှစ်မှစ၍ နှစ်စဉ်အခြေခံရည်ညွှန်းစပါးဈေးနှုန်းသတ်မှတ်ပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား တောင်သူများ သင့်လျော်သည့်ဈေးနှုန်းဖြင့် အရစ်ကျဝယ်ယူနိုင်ရေး ဆောင်ရွက်ပေးခြင်း၊ သီးနှံစိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုကုစားရေးအတွက် တောင်သူလယ်သမားများ ရင်းနှီးမြှုပ်နှံနိုင်ရန် စိုက်ပျိုးစရိတ်ချေးငွေ ၁၉၂၆ ဒသမ ၆၁ ဘီလီယံကျပ်၊ JICA နှင့် မြန်မာ့စီးပွားရေးဘဏ်၏ နှစ်ဆင့်ချေးငွေ(Two Step Loan) ၁၈၂ ဒသမ ၁၉ ဘီလီယံကျပ်၊ ကိုဗစ်-၁၉ အထူးချေးငွေ ၄၂၁ ဒသမ ၂၉ ဘီလီယံကျပ် စုစုပေါင်း ၂၅၃၀ ဒသမ ၀၉ ဘီလီယံကျပ် ထုတ်ချေးပေးထားပြီးဖြစ်ပါသည်။

**ချစ်ခင်လေးစားရပါသော တောင်သူလယ်သမားကြီးများ ခင်ဗျား-**

ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်များတွင် ယှဉ်ပြိုင်နိုင်စွမ်းရှိပြီး ဘေးအန္တရာယ်ကင်းရှင်းသော စားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices-GAP )၊ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ် (Good Animal Husbandry Practices-GAHP)၊ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်( Good Aquaculture Practices-GAqP )တို့နှင့်အညီ စိုက်ပျိုးမွေးမြူထုတ်လုပ်နိုင်ရန်အတွက် တောင်သူလယ်သမားများသို့ ပညာပေးလျက်ရှိပါသည်။

သီးနှံသားငါးများထုတ်လုပ်မှု တိုးတက်ရေးအတွက်သာမက စားသုံးသူပြည်သူများ၏ အစားအစာလုံခြုံစိတ်ချရမှုရှိရေး (Food Safety)နှင့် လယ်ယာထုတ်ကုန်များ နိုင်ငံတကာဈေးကွက် ယှဉ်ပြိုင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းများ အခိုင်အမာတည်ဆောက်ပေးနေခြင်းဖြစ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သော ခေတ်မီစိုက်ပျိုးနည်းပညာများ၊ ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ မိုဘိုင်းဖုန်းများမှတစ်ဆင့် ကြည့်ရှုရယူအသုံးပြုနိုင်ရေး ဒစ်ဂျစ်တယ်နည်းပညာဖြင့် အသုံးချဖြန့်ဝေပေးခြင်း၊ ပညာပေးစာစောင်နှင့် ဂျာနယ်များ၊ သတင်းများထုတ်ပြန်ဖြန့်ဝေခြင်းအပြင် လယ်ယာကဏ္ဍဆိုင်ရာ သတင်းများ၊ ပညာပေးနှင့်ဖြေဖျော်ရေး အစီအစဉ်များ စသည့်ကဏ္ဍစုံပါဝင်သော "တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel)" ထုတ်လွှင့်ပေးလျက်ရှိပါသည်။ ထို့အပြင် တောင်သူလယ်သမားများ လယ်ယာကဏ္ဍ သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိဂုံးချုပ်အားဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါ ကာလအတွင်း လယ်ယာစီးပွားလုပ်ငန်းရှင်စိတ်ဓာတ် အပြည့်အဝဖြင့် ဖွဲလုံ့လအားစိုက်ပြီး ထုတ်လုပ်မှုတည်ငြိမ်အောင် ကြိုးပမ်းဆောင်ရွက်ပေးနေသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင် တောင်သူလယ်သမားများအား အထူးကျေးဇူးတင်ရှိပါသည်။

မြေသယံဇာတ၊ ရေသယံဇာတပေါကြွယ်ဝသည့် မြန်မာနိုင်ငံတွင် တောင်သူလယ်သမားများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ စက်ကိရိယာနှင့် နည်းပညာများအား မိမိ၏အတွေ့အကြုံ၊ လုံ့လဝီရိယဖြင့် ပေါင်းစပ်ဆောင်ရွက်ပါက လူမှုစီးပွားဘဝ ကေန်မလွဲ တိုးတက်လာမည်ဖြစ်ရာ "ဆင်းရဲလို့ လယ်လုပ်"ဆိုသည့်ဆိုစကားကို ပယ်ဖျက်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ရာ လယ်ယာစီးပွားလုပ်ငန်းရှင် တောင်သူလယ်သမားတို့၏ ပေါင်းစည်းအင်အားဖြင့်၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွား ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်တင်၍ ဆောင်ရွက်နိုင်ရန်အတွက် တွေ့ကြုံရမည့် စိန်ခေါ်မှုများ၊ အတားအဆီးများနှင့် အခက်အခဲမှန်သမျှတို့ကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းလျက် သာယာဝပြောသည့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ရေးကို တက်ညီလက်ညီ အားလုံးလက်တွဲကြိုးပမ်းကြပါစို့ဟု အလေးအနက် တိုက်တွန်းအပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

---

*❂ ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးမောင်မောင်အုန်းနှင့် ဦးမင်းသိန်း၏၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ ဦးဇော်ဝင်း၊ ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဖိတ်ကြားထားသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ အလားတူ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကိုလည်း ခမ်းနားစွာကျင်းပနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ ညှိနှိုင်းဆွေးနွေးပေါင်းစပ် ဆောင်ရွက်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတို့ကို ဆောင်ရွက်ကြရကြောင်း၊ ထိုသို့ ဆောင်ရွက်ကြရာတွင် အားသာချက်နှင့် အားနည်းချက်များရှိပါကြောင်း၊ အားသာချက်များကို သင်ခန်းစာယူ၍ အလားတူ အခမ်းအနားများ ကျင်းပရာတွင် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး အားနည်းချက်များကို ပြုပြင်ကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဆပ်ကော်မတီများအလိုက် တွေ့ကြုံခဲ့ကြရသည့် အခက်အခဲများနှင့် နောင်ကျင်းပမည့် အခမ်းအနားများအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးရန်ရှိသည်များကို သိရှိနိုင်ရန် ယခုကဲ့သို့သော ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင်ကျင်းပမည့် (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့သည် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပြီး ထူးခြားသည့် နေ့တစ်နေ့ဖြစ်သည့်အတွက် ယခုနှစ်တွေ့ကြုံခဲ့ကြရသည့် အားသာချက်နှင့် အားနည်းချက်များကို အခြေခံလေ့လာ၍ ခမ်းနားစွာကျင်းပနိုင်ရန် ကြိုတင်စီမံပြင်ဆင်ဆောင်ရွက်ထားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲစစ်ရေးပြဆပ်ကော်မတီ၊ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကျင်းပရေး၊ ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေး ဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ လွတ်လပ်ရေးနေ့ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ အားကစားပြိုင်ပွဲများကျင်းပရေးဆပ်ကော်မတီနှင့် စာရင်းစစ်ဆေးရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

**နိဂုံးချုပ်အမှာစကားပြောကြား**

ယင်းနောက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

## တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်

**ခင်ဦး မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် အသင့်သုံး စူပါဘိုကာရှီပြုလုပ်သုံးစွဲပုံ သရုပ်ပြပွဲနှင့် တစ်ပိုင်တစ်နိုင် Home Garden စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၁ ရက်က မြို့မ(၁) နည်းပညာပေးစင်တာ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြိုင်က မိမိတို့အိမ်တွင် တစ်ပိုင်တစ်နိုင် Home Garden စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများနှင့် တောင်သူများကို ဟင်းသီးဟင်းရွက်မျိုးစေ့ ၂၀၀ နှင့် ပျိုးပင် ၂၅၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက သဘာဝအသင့်သုံး စူပါဘိုကာရှီပြုလုပ်ပုံ အဆင့်ဆင့်ကို တက်ရောက်လာသော တောင်သူများရှေ့တွင် လက်တွေ့သရုပ်ပြခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ရပ်ကွက် ကျေးရွာများမှ တောင်သူ စုစုပေါင်း ၃၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

---



## မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

**ပြည် မတ် ၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ဝက်ထီးကန်တိုက်နယ်ရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း(ဝက်ထီးကန်)၌ ယမန်နေ့နံနက်ပိုင်းက စခန်းအခြေပြုပြန်လည်ထူထောင်ရေး သင်တန်းဆင်းပွဲ ကျင်းပသည်။

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညဏ်မြင့်အောင်နှင့်အကျဉ်းဦးစီးဌာနမှ ကျောင်းအုပ်ကြီး ဦးစန်းအောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းဂုဏ်ပြုမှတ်တမ်းလွှာများအား သင်တန်းသားများထံ ပေးအပ်သည်။

အဆိုပါသင်တန်းကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ၂၈ ရက်အထိ သင်တန်းကာလ သုံးလကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းတွင် သင်တန်းသား ၂၆ ဦးအား စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာများ၊ ဆပ်ပြာဆီ၊ ဆပ်ပြာခဲနှင့် လက်သန့်ဆေးရည်ပြုလုပ်နည်းများ၊ ဆိုင်ကယ်ပြုပြင်ရေး၊ အုတ်ရိုက်၊ တံဆိပ်ရိုက်၊ မုန့်ဖုတ်နှင့် ဆံသစသည့်ပညာရပ်များကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကျင်းပခဲ့မှုနှင့်စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

**နေပြည်တော် မတ် ၁**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၂၂ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

**■ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ အစိုးရအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ ရလဒ်သက်သေတစ်ခုပင်ဖြစ်ပြီး ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်”**

### ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

အစည်းအဝေးသို့ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကျန်ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျင်းပခဲ့သည့် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကျင်းပခဲ့မှုနှင့် စပ်လျဉ်း၍ ပြန်လည်သုံးသပ်ညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းစဉ်များကို ကြိုတင်စီမံမှုများဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့ကြသော်လည်း အားသာချက်နှင့် အားနည်းချက်များ ရှိပါကြောင်း၊ ထို့ကြောင့် နောင်ကျင်းပမည့် အလားတူ အခမ်းအနားများတွင် အားသာချက်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပြီး အားနည်းချက်များကို ပြန်လည်သုံးသပ်၍ အားသာချက်များဖြစ်အောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က (၇၅) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသည် စိန်ရတုအခမ်းအနားဖြစ်သည့်အတွက် နိုင်ငံတော်အဆင့်အဖြစ် ထူးခြားလေးနက်စွာ ကျင်းပနိုင်ရန် တာဝန်ပေးအပ်ခဲ့ကြောင်း၊ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ချိန်ကာလသည် တိုတောင်းခဲ့သော်လည်း ခမ်းနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ထို့အတူ ၂၀၁၆ ခုနှစ်ကတည်းက ရန်ကုန်မြို့တော်ခန်းမ၌ ရပ်နားထားသည့် ပြည်ထောင်စုအလံကို နေပြည်တော် မြို့တော်ခန်းမသို့ အောင်မြင်စွာ သယ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းသည် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်း၏ ရလဒ်သက်သေတစ်ခုပင်ဖြစ်ပြီး ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ရောက်ရှိမည့် လွတ်လပ်ရေးနေ့သည် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်သည့်အတွက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခဲ့သည့် အခြေအနေများကို အခြေခံ၍ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ပိုမိုကောင်းမွန်သည့် နိုင်ငံတော်အဆင့် အခမ်းအနားအဖြစ် ကျင်းပနိုင်ရန် ရည်ရွယ်ကာ (၇၅) နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

### ပွင့်လင်းစွာဆွေးနွေး

(၇၅) နှစ်မြောက်စိန်ရတု ပြည်ထောင်စုနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့သော်လည်း အားသာချက်နှင့် အားနည်းချက်များရှိပါကြောင်း၊ အဆိုပါ အားသာချက် အားနည်းချက်များကို မူတည်၍ အားသာချက်များကို ပေါင်းစပ်ပြီး အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ကာ ပိုမိုကြီးကျယ်ခမ်းနားသည့် စစ်ရေးပြမှုများ၊ ပြကွင်းပြကွက်များ၊ ခင်းကျင်းပြသမှုများဖြင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ဦးတည်၍ ကဏ္ဍအလိုက် အားသာချက် အားနည်းချက်များကို ပွင့်လင်းစွာ ဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်တို့က ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ခဲ့မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

### အကြံပြုဆွေးနွေး

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ ယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေး ဆပ်ကော်မတီ၊ နိုင်ငံတော်အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ ညစာစားပွဲဖျော်ဖြေရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြန်ကြားရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေး ရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ မီးရှူးမီးပန်းများပစ်ဖောက်ရေး ဆပ်ကော်မတီနှင့် အလှပြ Drone လွှတ်တင်ရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် အားသာချက်နှင့် အားနည်းချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးကိုကို၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးရွှေလေး၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို အကြံပြုဆွေးနွေးသည်။

ထို့နောက် ၂၀၂၂ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# စိုက်ပျိုးမမှားဘဲ အကျိုးများစေတဲ့ ဆီထွက်သီးနှံနေကြာ

နန်းထက်ထက်ချစ်

**စိုက်ပျိုးပြီး ရက်ပေါင်း ၈၀ ကနေ ၈၅ ရက်အတွင်း ဈေးကွက်ဝင် ငွေပေါ်နိုင်သည့်အပြင် ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် အရေးပါသော နေကြာသီးနှံ စိုက်ပျိုးရေးအကြောင်းကို တောင်သူအများစု စိတ်ပါဝင်စားလာကြပါတယ်။**



**နေကြာသီးနှံကို ဘာဖြစ်လို့ စီးပွားဖြစ် စိုက်ပျိုးသင့်တာလဲ**

နေကြာသီးနှံဟာဆိုရင်… စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်နည်းပါးခြင်း၊ စိုက်ပျိုးနည်းစနစ် လွယ်ကူရိုးရှင်းခြင်း၊ ဆီထွက်နှုန်းကောင်းမွန်ပြီး ပြည်တွင်းစားသုံးဆီ ဖူလုံရေးကို အထောက်အကူပြုခြင်း၊ တစ်မျိုးတည်း သီးသန့်စိုက်ပျိုးမှုအပြင် အခြားသီးနှံများနဲ့ပါ သီးညှပ်စိုက်ပျိုးရန် သင့်တော်ခြင်း၊ သဲနုန်းမြေအမျိုးအစားကနေ မြေစေးမြေအမျိုးအစားအထိ မြေတော်တော်များများမှာ စိုက်ပျိုးနိုင်ခြင်း၊ စပါးရိတ်သိမ်းပြီးချိန်၊ မိုးသီးနှံရိတ်သိမ်းပြီးချိန်တွေမှာ စိုက်ပျိုးနိုင်ခြင်း စတဲ့ အားသာချက်တွေ အများကြီးရှိတာကြောင့်ပဲ ဖြစ်ပါတယ်။ နေကြာသီးနှံစိုက်ပျိုးရာမှာ အထွက်ကောင်းမျိုးများဖြစ်ကြတဲ့ စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး–၁၊ နိုင်ငံတော် မျိုးစေ့ကော်မတီမှ အတည်ပြုထားတဲ့ နိုင်ငံခြားစပ်မျိုးများနဲ့ OPV မျိုးဖြစ်တဲ့ ဆင်းရွှေကြာ– ၂ မျိုးတွေကို စိုက်ပျိုးလေ့ရှိကြပါတယ်။ မိုးနေကြာကို မေလ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးလေ့ရှိပြီး ဆောင်းနေကြာကိုတော့ စက်တင်ဘာလနဲ့ အောက်တိုဘာလတို့မှာ စိုက်ပျိုးလေ့ရှိတာကြောင့် မိမိတို့ဒေသရာသီဥတုအပေါ် ချိန်ဆပြီး စိုက်ပျိုးနိုင်ပါတယ်။

> **“နေကြာသီးနှံစိုက်ပျိုးရာမှာ အထွက်ကောင်းမျိုးများဖြစ်ကြတဲ့ စပ်မျိုးနေကြာ၊ ရေဆင်းစပ်မျိုး-၁၊ နိုင်ငံတော် မျိုးစေ့ကော်မတီမှ အတည်ပြုထားတဲ့ နိုင်ငံခြားစပ်မျိုးများနဲ့ OPV မျိုးဖြစ်တဲ့ ဆင်းရွှေကြာ- ၂ မျိုးတွေကို စိုက်ပျိုးလေ့ရှိကြပါတယ်။ မိုးနေကြာကို မေလ၊ ဇွန်လတွေမှာ စတင်စိုက်ပျိုးလေ့ရှိပြီး ဆောင်းနေကြာကိုတော့ စက်တင်ဘာလနဲ့ အောက်တိုဘာလတို့မှာ စိုက်ပျိုးလေ့ရှိတာကြောင့် မိမိတို့ဒေသရာသီဥတုအပေါ် ချိန်ဆပြီး စိုက်ပျိုးနိုင်”**

**ကျရောက်တတ်သော ပိုးမွှားရောဂါများနှင့် ကာကွယ်နှိမ်နင်းပုံ**

အပင်ငယ်စဉ်မှာ ဖြုတ်ပိုး၊ ရွက်စားပိုး၊ ရွက်ဖောက်ကျိုင်းတွေ ကျရောက်တတ်ပါတယ်။ အစေ့အဆန်တည်ချိန်မှာ သီးလုံးဖောက်ပိုးနဲ့ ရွက်စုံစား ခူဝါများ ကျရောက်တတ်ပါတယ်။ ထိုသေပိုးသတ်ဆေးတစ်မျိုးမျိုးကို အသုံးပြုနိုင်ပါတယ်။ မှိုရောဂါ ကျရောက်မှုကို ကာကွယ်ရန်အတွက် မျိုးစေ့ကို မှိုသတ်ဆေးနဲ့ လူးနယ် စိုက်ပျိုးပါ။ နေကြာပင်ကို ပိုးမွှားရောဂါများဖြစ်တဲ့ ဖြုတ်စိမ်း၊ ရွက်လိပ် ရွက်ကပ်ပိုး၊ ပျ၊ ယင်ဖြူ၊ ငမြှောင်တောင်၊ ခူမွေးရှည်၊ ပန်းပွင့်ထိုးပိုး၊ ငှက်၊ ကြွက် စသော အင်းဆက်ပိုးများကို ကာကွယ်နိုင်ဖို့ အပင်ငယ်စဉ်မှာ သင့်တော်တဲ့ ပိုးသတ်ဆေးတွေနဲ့ ဖျန်းပက်ကာကွယ်ပါ။ သီးနှံရင့်မှည့်ချိန်မှာ အပင်ရှိ အစေ့အဆန်များကို လာရောက် ကိုက်ဖြတ်လေ့ရှိတဲ့ ငှက်နဲ့ကြွက်ရန်မှ ကာကွယ်ပါ။ မျိုးစေ့ဆောင်ရောဂါများကို ကာကွယ်နိုင်ဖို့အတွက် မျိုးစေ့ချချိန်မှာ မှိုသတ်ဆေးနဲ့ မျိုးစေ့ကို စိမ်ပေးပါ။ နေကြာရွက်ခြောက် ရောဂါကို ကာကွယ်နိုင်ရန် ပန်းပွင့်အရွယ်အစား ပမာဏ ၅၀ ရာခိုင်နှုန်းရှိတဲ့ ကာလရောက်ချိန်မှာ နှစ်ပတ်ကို တစ်ကြိမ်နှုန်းနဲ့ သုံးကြိမ်တိုင်အောင် ရောဂါကာကွယ်ဆေး (ဥပမာ– ဘီနိုမိုင်း) ကို ပက်ဖျန်းပေးပါ။ ရောဂါဆိုးရွားစွာကျရောက်ပါက ပွင့်ဖူးဝင်ချိန်ကစပြီး မှိုသတ်ဆေးနဲ့ ကာကွယ်နှိမ်နင်းပါ။ အပင်ငယ်စဉ်မှာ ပေါင်းမြက်ကင်းစင်အောင်ပြုလုပ်ပေးပါ။ ပေါင်းမြက်ကြောင့် နေကြာအထွက် ၅၀ ရာခိုင်နှုန်းကျော် လျော့ကျစေနိုင်ပါတယ်။ အပင်အညှောင့်ပေါက်ပြီး ခုနစ်ရက်အတွင်း လက်ပေါင်းလိုက် (သို့မဟုတ်) ကြားပေါင်းလိုက်ကိရိယာနဲ့ ပေါင်းမြက် နှိမ်နင်းပါ။ အပင်ပေါက်ပြီး ၄၀ ရက်သားအတွင်း ပေါင်းမြက်နှိမ်နင်းပါ။ နေကြာစိုက်ခင်းအတွင်း ပျားအုံများ ထားရှိနိုင်ပါက အထူးကောင်းမွန်ပါတယ်။ ပန်းပွင့်ချိန် ပိုးသတ်ဆေးဖျန်းပါက ဝတ်မှုန်ကူးသော အကျိုးပြုပျားများကို ထိခိုက်နိုင်တဲ့အတွက် ပန်းမပွင့်မီမှာကြိုတင်ဖျန်းဖို့တော့ လိုအပ်ပါတယ်။

**မြေဩဇာကျွေးမွေးခြင်းနှင့် ရေပေးဝေပုံ**

နေကြာပင်များ စိုက်ပျိုးရာမှာ ရေစိမ့်အားကောင်းပြီး ရေမဝပ်သောမြေမှာ ရှင်သန်ဖွံ့ဖြိုးမှုနှုန်း မြင့်မားပြီး မြေချဉ်ငန်ကိန်း (pH Level) 6.0 ကနေ 7.5 အတွင်းမှာရှိတဲ့ မြေအမျိုးအစားဖြစ်ပါက စိုက်ပျိုးဖို့ အထူးသင့်တော်ပါတယ်။ နေကြာပင်တွေဟာ အမြစ်အုံထုထည် ကြီးမားတဲ့အတွက် တိုက်ကျွေးလိုက်တဲ့ ရေနဲ့ အစာအာဟာရဓာတ်တွေကို များစွာစားသုံးနိုင်တာကို သိထားဖို့ လိုအပ်ပါတယ်။ နေကြာစိုက်ပျိုးရာမှာ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတွေကိုတော့ မိမိတို့အားသန်သလို ထည့်သွင်းပေးနိုင်ပါတယ်။ ရေပေးသွင်းချိန်မှာ အပင်ခြေရင်းကို ရေမဝပ်စေဖို့ အထူးအရေးကြီးပါတယ်။ အပင်ပိုင်းရေလိုအပ်ချက်အနေနဲ့ ပန်းဖူးဝင်ချိန်ကနေ ပန်းပွင့်ချိန်အထိ ရက်ပေါင်း ၂၁ ရက်ဝန်းကျင်အတွင်း မြေကြီးအစိုဓာတ် လုံလောက်နေဖို့ လိုအပ်ပါတယ်။ အဖူး ၇၅ ရာခိုင်နှုန်းဝင်ချိန်နဲ့ ပန်း ၇၅ ရာခိုင်နှုန်း ပွင့်ချိန်တို့မှာလည်း ရေတစ်ကြိမ်စီသွင်းပေးပါ။ နေကြာပန်းပွင့်တွေရဲ့ နောက်ကျောဘက်အရောင်မှာ အဝါရောင်သို့ ကူးပြောင်းချိန်မှာ နေကြာသီးနှံတွေကို စတင်ရိတ်သိမ်းနိုင်ပါတယ်။ ရိတ်သိမ်းပြီးနောက်မှာတော့ နေကြာပန်းပွင့်တွေကို သဘာဝနေရောင်ခြည်မှာ အခြောက်ခံပြီးလည်းကောင်း (သို့မဟုတ်) တခြားနည်းလမ်းတစ်မျိုးမျိုးနဲ့ အခြောက်ခံပြီးလည်းကောင်း လုံလောက်စွာ အခြောက်ခံရပါမယ်။ နေကြာပန်းပွင့်တွေ စိုထိုင်းဆများမကျန်ဘဲ သွေ့ခြောက်သွားချိန်မှာတော့ နေကြာစေ့များ ထွက်လာရန် အသင့်ခြွေနိုင်ပြီပဲဖြစ်ပါတယ်။ ။

> **❑ နေကြာပင်များ စိုက်ပျိုးရာမှာ ရေစိမ့်အားကောင်းပြီး ရေမဝပ်သောမြေမှာ ရှင်သန်ဖွံ့ဖြိုးမှုနှုန်းမြင့်မားပြီး မြေချဉ်ငန်ကိန်း (pH Level) 6.0 ကနေ 7.5 အတွင်းမှာရှိတဲ့ မြေအမျိုးအစားဖြစ်ပါက စိုက်ပျိုးဖို့ အထူးသင့်တော်ပါတယ်။ နေကြာပင်တွေဟာ အမြစ်အုံထုထည်ကြီးမားတဲ့အတွက် တိုက်ကျွေးလိုက်တဲ့ ရေနဲ့ အစာအာဟာရဓာတ်တွေကို များစွာစားသုံးနိုင်တာကို သိထားဖို့ လိုအပ်ပါတယ်။ နေကြာစိုက်ပျိုးရာမှာ သဘာဝမြေဩဇာနဲ့ ဓာတ်မြေဩဇာတွေကိုတော့ မိမိတို့အားသန်သလို ထည့်သွင်းပေးနိုင်ပါတယ်။ ရေပေးသွင်းချိန်မှာ အပင်ခြေရင်းကို ရေမဝပ်စေဖို့ အထူးအရေးကြီးပါတယ်**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစားရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေးရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်သည့် Shelter များအနက် လုပ်ငန်းဆောင်ရွက်ဆဲ Shelter များ အမြန်ဆုံး တည်ဆောက်ပြီးစီးနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၁**

သဘာဝဘေးအန္တရာယ် ဖြစ်ပွားနိုင်ခြေမြင့်မားသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဘေးဒဏ်ခံအဆောက်အဦ Shelter များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် တည်ဆောက်ပေးလျက်ရှိရာ လုပ်ငန်းဆောင်ရွက်ဆဲ Shelter များနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ယာပုံ)



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က လုပ်ငန်းဆောင်ရွက်ဆဲ Shelter များသည် လက်ရှိအခြေအနေအရ ကိုဗစ်ကာလဖြစ်ခြင်း၊ ဘဏ်ငွေထုတ်ယူမှု အခက်အခဲများ ရှိခြင်း၊ ဆောက်လုပ်ရေးပစ္စည်း ဈေးနှုန်းများ ကြီးမြင့်ခြင်း၊ လုပ်သားရှားပါးခြင်းနှင့် မြေပြင်လုံခြုံရေးအခြေအနေတို့ကြောင့် လုပ်ငန်းများ ရပ်နားလျက်ရှိသည့်အပေါ် ပြီးစီးနိုင်သည့် အခြေအနေရှိသော Shelter များ၊ ပြီးစီးနိုင်ခြေနည်းသော Shelter များ စသည်ဖြင့် သီးခြားခွဲထုတ်ပြီးနောက် ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်းများကို အကြံပြုချက်နှင့်တကွ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌထံသို့ တင်ပြလမ်းညွှန်မှု ခံယူနိုင်ရေး ယနေ့အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် တည်ဆောက်ပေးလျက်ရှိသည့် Shelter စုစုပေါင်း ၁၄၆ လုံး ရှိသည့်အနက် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ၈၇ လုံးတွင် ကုမ္ပဏီများက လုပ်ငန်းပြန်လည်အပ်နှံသည့် ဧရာဝတီတိုင်းဒေသကြီးမှ သုံးလုံး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တစ်လုံးစီ စုစုပေါင်း Shelter ငါးလုံးကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေစာရင်းများသို့ လွှဲပြောင်းပေးပို့ပြီး သက်ဆိုင်ရာအစိုးရအဖွဲ့များကို တာဝန်ယူဆောင်ရွက်စေခဲ့သဖြင့် ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခြင်း ၈၂ လုံး၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့များက တာဝန်ယူဆောင်ရွက်ခြင်း ၆၄ လုံး ဖြစ်ပါကြောင်း၊ ပြည်ထောင်စုမှတာဝန်ယူဆောင်ရွက်ခြင်း ၈၂ လုံး အနက် ၆၅ လုံး ဆောက်လုပ်ပြီးစီးခဲ့ပြီး ၁၇ လုံးမှာ ဆောင်ရွက်ဆဲအခြေအနေဖြစ်၍ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များက တာဝန်ယူဆောင်ရွက်ခြင်း ၆၄ လုံး အနက် ၅၇ လုံး ဆောက်လုပ်ပြီးစီးခဲ့ပြီး ခုနစ်လုံးမှာ ဆောင်ရွက်ဆဲအခြေအနေ ဖြစ်ပါကြောင်း၊ ရာခိုင်နှုန်းအလိုက် ပြီးစီးမှုအခြေအနေများကို သက်ဆိုင်ရာတာဝန်ရှိသူက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်ကုန်းမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများအား စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းပေး

**တပ်ကုန်း မတ် ၁**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းများ လုပ်ငန်းတာဝန်များ ကျေပွန်စွာဆောင်ရွက်နိုင်ရန် စွမ်းဆောင်ရည်မြင့်မားရေးသင်တန်းပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ ဗိုလ်မင်းရောင် အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)ရှိ ကံ့ကော်စာသင်ဆောင်၌ ကျင်းပသည်။ **(ယာပုံ)**

သင်တန်းတွင် မြို့နယ်ပညာရေးမှူး (ပူးတွဲတာဝန်) လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးဆန်းက အမှာစကား ပြောကြားပြီး ဒု/ပညာရေးမှူး ဦးဝေလင်းအောင်နှင့် ဦးမျိုးအောင်၊ အထက်တန်းကျောင်းအုပ် ဆရာမကြီး ဒေါ်ညိုမီလှိုင်၊ ဒေါ်စန်းနွဲ့ကြည်နှင့် အလယ်တန်းကျောင်းအုပ် ဆရာကြီး ဦးဇော်ဝင်းလှိုင်နှင့် ဦးသစ်နိုင်စိုးတို့က သင်တန်းသား သင်တန်းသူ ထက်၊ လယ်၊ မူကျောင်းအုပ်တာဝန်ခံ ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၁၆၇ ဦးအား အဖွဲ့နှစ်ဖွဲ့ခွဲ၍ စီ/ဖြတ်၊ စာရင်းအင်း၊ ဘဏ္ဍာရေး ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# Genocide Convention အရ လျှောက်ထားသောအမှု (ဂမ်ဘီယာနိုင်ငံ နှင့် မြန်မာနိုင်ငံ) ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် Professor Mr. Robert Kolb ၏ ဒုတိယအကြိမ်မြောက် လျှောက်လဲတင်ပြချက် ကနဦးကန့်ကွက်လွှာ တတိယအချက်

**ဥက္ကဋ္ဌနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျာ၊**

၁။ ကျွန်တော့်အနေဖြင့် တတိယကန့်ကွက်ချက်အကြောင်းအရာနှင့်စပ်လျဉ်း၍ ပြန်လည်လျှောက်လဲတင်ပြမည် ဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံ၏ တင်ပြချက်များကို ဂရုပြုနားထောင်ခဲ့ပါတယ်။ သို့ရာတွင် Article VIII အပေါ် ဂမ်ဘီယာရဲ့ အဓိပ္ပာယ် ကောက်ယူမှုဟာ ကျေနပ်လက်ခံနိုင်ဖွယ်မရှိကြောင်း ဝန်ခံရမည်ဖြစ်ပါတယ်။

**ခြွင်းချက်ပြုခြင်းနှင့်စပ်လျဉ်းသည့် အဓိပ္ပာယ်ဖွင့်ဆိုမှုဆိုင်ရာ မေးခွန်းများနှင့် အကျိုးသက်ရောက်မှုများ**

၂။ အဆိုပါအချက်ကို လေ့လာကြည့်ပါမယ်။ Article VIII နှင့်စပ်လျဉ်းပြီး ကျွန်တော်တို့ရဲ့ မေးခွန်းအပေါ် ဦးစွာတင်ပြပြီးနောက် ခြွင်းချက်ပြုခြင်းရှုထောင့်ကနေ ပြန်လည်သုံးသပ်မည်ဖြစ်ပါတယ်။ ဒီနှစ်ခုက ထပ်တူကျနေတဲ့အရာတွေတော့ မဟုတ်ပါဘူး။ ကျွန်တော်တို့ ရှေ့မှာမြင်နေရတဲ့ စကြဝဠာကြီးဆိုတာကတောင် မိမိတို့ရွေးချယ်ရည်ညွှန်းတဲ့ ရှုထောင့်အတိုင်း ကွဲပြားနေတာပဲမဟုတ်ပါလား။

၃။ Article VIII သည် ကုလသမဂ္ဂအဖွဲ့အစည်းများသို့ အမှုလွှဲအပ်မှုနှင့် မသက်ဆိုင်ဘူးဆိုလျှင် မြန်မာနိုင်ငံရဲ့ ခြွင်းချက်ပြုခြင်းက ဘယ်လို အဓိပ္ပာယ်ရှိပါသလဲ။ ဒီအချက်ကို ရိုးသားပွင့်လင်းစွာ တင်ပြရရင် ခြွင်းချက်ပြုခြင်းဆိုတာက ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုမရှိအောင်ပြုခြင်းဘဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဥပဒေဆိုင်ရာအကျိုးသက်ရောက်မှုမရှိတဲ့ကိစ္စကို ထပ်ပြီးခြွင်းချက်ပြုလုပ်ခဲ့တာမျိုးလား။ ဒီလိုလုပ်ခဲ့ရင် အဓိပ္ပာယ်မဲ့ပြီး ကျိုးကြောင်းဆီလျော်မှုမရှိတဲ့ ရလဒ်တစ်ခုပဲ ဖြစ်မယ်မဟုတ်လား။ နိုင်ငံတစ်နိုင်ငံအနေနဲ့ အရေးပါတဲ့ စာချုပ်တစ်ခုမှာပါတဲ့ ပြဋ္ဌာန်းချက်တစ်ရပ်ကို ခြွင်းချက်ပြုခြင်းဆိုတာကို အလေးဂရုပြု ဆောင်ရွက်မှာဖြစ်ပါတယ်။ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှုရရှိဖို့ သေချာပေါက် ရည်ရွယ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့လုပ်ရပ်ဟာ အကျိုးမရှိ လက်တွေ့မကျမပြည့်စုံဘူးလို့ အပြောခံရပါတယ်။ ဒါကိုတော့ ကျွန်တော်မဆုံးဖြတ်တတ်ပါဘူး။

၄။ Article VIII သည် ကမ္ဘာ့အဖွဲ့အစည်းရဲ့ နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ပဲ သက်ဆိုင်တယ်လို့ မှတ်ယူမယ်ဆိုပါစို့။ သူကတော့ အဆိုပါအဖွဲ့အစည်းတို့ကို အမှုလွှဲအပ်မှုအပေါ် သက်ရောက်မှုရှိတယ်လို့ပဲ ယူဆတယ်ဆိုရင် ကျွန်တော်တို့တူညီတဲ့ ဥပဒေရေးရာ အခြေအနေတွေနဲ့ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။ အပိုဒ် ၃၅ နဲ့ ၃၉ ကဲ့သို့သော ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ သက်ဆိုင်ရာပြဋ္ဌာန်းချက်များအပေါ် အခြေခံပြီး နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေကို အမှုတင်ပြဆောင်ရွက်နိုင်ပါတယ်။ ၁၉၄၈ ခုနှစ် Genocide Convention ရဲ့ Article VIII ကို ခြွင်းချက်ပြုခြင်းက ကုလသမဂ္ဂပဋိညာဉ်စာချုပ်ပါ အဆိုပါအဖွဲ့အစည်းတွေရဲ့ အခွင့်အာဏာရှိခြင်းအပေါ် အကျိုးသက်ရောက်ကြောင်း ယူဆနိုင်ပါလိမ့်မယ်။ လိုအပ်မယ်ဆိုရင် Convention ကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် အဆိုပါအဖွဲ့အစည်းတွေက လိုက်နာဆောင်ရွက်ခြင်းဆိုင်ရာ မေးခွန်းတွေအတွက် ဒီအမှုလွှဲအပ်မှုကရည်ရွယ်တာလို့ဆိုရင်လည်း မဖြစ်နိုင်ဘူးလို့ဆိုကောင်းဆိုနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဒီကန့်သတ်ချက်က ထင်သာမြင်သာတဲ့ ထိရောက်မှုတော့ရှိမှာ မဟုတ်ပါဘူး။ ဒီလွှဲအပ်မှုက လူ့အခွင့်အရေးချိုးဖောက်ခြင်း သို့မဟုတ် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်ခြင်းအဖြစ် လူမျိုးတုံးသတ်ဖြတ်မှုနဲ့ ဆက်စပ်နေရမယ်။ ခြွင်းချက်ပြုခြင်းကို အဲဒီမှာသုံးလို့ မရနိုင်တော့ဘူး။ ဒါကြောင့်မို့လို့ နိုင်ငံရေး ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ နယ်ပယ်မှာ ဒါကအသုံးဝင်တဲ့ အကျိုးသက်ရောက်မှုရှိမှာမဟုတ်ပါဘူး။ Article VIII က တရားရုံးရဲ့ ဆောင်ရွက်နိုင်မှုနဲ့ မဆိုင်ဘူးဆိုရင် ဒီအချက်က မှတ်သားရမယ့်ကိစ္စရပ်ပဲ ဖြစ်ပါတယ်။ ရလဒ်အနေနဲ့ 'ခြွင်းချက်ပြုခြင်း' ဆိုတာ ဥပဒေဆိုင်ရာ အကျိုးသက်ရောက်မှု လုံးဝမရှိတော့ပါဘူး။

၅။ အခု Article VIII ကလည်း တရားရုံးနဲ့ သက်ဆိုင်တယ်လို့



ယူဆကြည့်ပါစို့။ Article VIII က တရားရုံးရဲ့ အမှုလက်ခံနိုင်မှုနဲ့ မသက်ဆိုင်ဘူး၊ ဒီအချက်ကို Article IX မှာ ထားခဲ့ပြီလို့ဆိုတဲ့ အချိန်မှာ မြန်မာနိုင်ငံရဲ့ ခြွင်းချက်ပြုခြင်းက ဘယ်လိုပဲဖြစ်ဖြစ် နောက်တစ်ကြိမ် အကျိုးသက်ရောက်မှု ရှိလာမှာမဟုတ်ပါဘူး။ Article IX ကို အခြေခံပြီး တရားရုံးကို တင်ပြလျှောက်ထားလို့ရသလို၊ တရားရုံးက စီရင်ပိုင်ခွင့်ရှိတယ်လို့ဆိုခြင်း ဖြစ်ပါတယ်။

၆။ အခုတင်ပြခဲ့တဲ့ အကြောင်းအရာတွေကနေ အနှစ်ချုပ်တင်ပြလိုပါတယ်။ ပထမအနုမာန မှန်းဆချက်က Article VIII သည် သက်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ အမှုလွှဲအပ်မှုတွေနဲ့ အကျုံးမဝင်ပါဘူး။ ဒါပေမယ့် အခြားပြဋ္ဌာန်းချက်တွေကို အခြေခံပြီးတော့ အဆိုပါအဖွဲ့အစည်းတွေကို အမှုတင်ပြဆောင်ရွက်လို့ ရနိုင်ကြောင်း ထောက်ပြရုံမျှသာ ဆိုနိုင်မည်ဖြစ်ပါတယ်။ ဒါဆိုရင် အဆိုပါပြဋ္ဌာန်းချက်ကို ဘာကြောင့် ခြွင်းချက်ပြုရပါသလဲ။ ဒါက ဘာမှအသုံးမဝင်တော့ပါဘူး။ ဒါကြောင့် မြန်မာနိုင်ငံက ခြွင်းချက်ပြုဖို့ သုံးသပ်ပြင်ဆင်ခဲ့ကြတုန်းက ဒါကိုသေချာနားလည်ခဲ့ကြတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ခြွင်းချက်ပြုခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုတဲ့နေရာမှာ ခြွင်းချက်ပြုလုပ်တဲ့နိုင်ငံက ရည်ရွယ်ချက် ပြတ်ပြတ်သားသားရှိတယ် ဆိုတာကို ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။

၇။ ဒုတိယအနုမာနမှန်းဆချက်အနေနဲ့က Article VIII သည် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေရဲ့ အမှုလက်ခံဆောင်ရွက်နိုင်မှုနဲ့သာလျှင် အကျုံးဝင်တယ်ဆိုတဲ့အချက် ဖြစ်ပါတယ်။ သို့ပေမယ့် ဒီလိုဆောင်ရွက်နိုင်မှုကို အခုလိုခြွင်းချက်ပြုခြင်းက တားဆီးနိုင်မှာမဟုတ်ပါဘူး။ ဒီခြွင်းချက်ပြုခြင်းဟာ ကုလသမဂ္ဂပဋိညာဉ်စာချုပ်ရဲ့ သက်ဆိုင်ရာပြဋ္ဌာန်းချက်တွေအထိ လိုက်ပြီးသက်ရောက်မှာ မဟုတ်ပါဘူး။ ထပ်ပြောရရင် ဒါကိုခြွင်းချက်ပြုခြင်းသည် အကျိုးသက်ရောက်မှုမရှိပါဘူး။

၈။ တတိယအနုမာနမှန်းဆချက်က Article VIII သည် နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေနဲ့ တရားစီရင်ရေးအဖွဲ့အစည်းတွေရဲ့ အမှုလက်ခံဆောင်ရွက်နိုင်မှုတွေမှာ အကျုံးဝင်ပါတယ်။ ဒါပေမယ့် တရားရုံးကို အမှုလွှဲအပ်တာကိုတော့ Article IX မှာသာ ဖော်ပြထားပါတယ်။ Article VIII ကို ခြွင်းချက်ပြုခြင်းသည် နောက်ဆုံးဖြစ်ပျက်မှုတွေအတွက် ကိုက်ညီမှုမရှိ၊ အကျိုးသက်ရောက်မှုမရှိ လက်တွေ့မကျဖြစ်နေပါတယ်။ ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ရဲ့ ပြဋ္ဌာန်းချက်တွေကို အခြေခံပြီး နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေကို အမှုတင်ပြဆောင်ရွက်နိုင်ပါတယ်။ Article IX ကို အခြေခံပြီး တရားရုံးကို အမှုစွဲဆိုတင်ပြဆောင်ရွက်နိုင်ပါတယ်။

၉။ ဒါကြောင့်မို့ စတုတ္ထအနုမာန မှန်းဆချက်ကို ရဲရဲဝံ့ဝံ့တင်ပြနိုင်တာက Article VIII သည် တရားရုံးရဲ့ အမှုလက်ခံဆောင်ရွက်နိုင်မှုနဲ့ သက်ဆိုင်ပါတယ်။ ဒီလိုဆိုရင် ခြွင်းချက်ပြုခြင်းဟာ ပြာပုံထဲကနေ ပြန်လည်နိုးထအသက်ဝင်မှာ ဖြစ်ပါတယ်။ တရားရုံးထံ တိုက်ရိုက်အမှုလွှဲအပ်ခြင်းအား ခွင့်မပြုတဲ့ အကျိုးသက်ရောက်မှုကို ဖြစ်စေပါတယ်။ ဒီအရာသည် အသုံးဝင်သော အကျိုးသက်ရောက်မှုကို ဖြစ်စေတဲ့ တစ်ခုတည်းသော နည်းလမ်းပဲဖြစ်တဲ့အပြင် ခြွင်းချက်ပြုလုပ်တဲ့နိုင်ငံရဲ့ သဘောဆန္ဒကို လေးစားတဲ့ တစ်ခုတည်းသော နည်းလမ်းလည်း ဖြစ်ပါတယ်။

၁၀။ ယခုရှုထောင့်ပြောင်းပြီး မြန်မာနိုင်ငံရဲ့အမြင်ကို ကြည့်ကြပါစို့။ ကျွန်တော့်တင်ပြချက် အစပိုင်းမှာ ဖော်ပြခဲ့တဲ့ နှိုင်းယှဉ်ချက် အပြောင်းအလဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယင်း၏ ခြွင်းချက်ပြုခြင်းသည် တရားရုံး၏ အမှုလက်ခံဆောင်ရွက်နိုင်မှုကို တားဆီးနိုင်တယ်ဆိုတဲ့အချက်ကို သံသယရှိခဲ့မယ်ဆိုရင် အခြားနိုင်ငံများ ဆောင်ရွက်တဲ့အတိုင်း Article IX ကိုလည်း ခြွင်းချက်ပြုခဲ့မှာဖြစ်တယ်လို့ တွေးဆနိုင်ပါသလား။ သို့သော် Article VIII ကို ခြွင်းချက်ပြုခြင်းသည် မည်သည့်ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုခုကိုမဆို အမှုတင်ပြလွှဲအပ်ခြင်းကို တားဆီးရာရောက်တယ်လို့ မြန်မာနိုင်ငံအနေနဲ့ ယုံကြည်ခဲ့တဲ့အတွက် Article IX နှင့်စပ်လျဉ်းပြီး မြန်မာနိုင်ငံက ခြွင်းချက်မပြုခဲ့ခြင်းဖြစ်တာကို အလွယ်တကူနားလည်နိုင်မှာ ဖြစ်ပါတယ်။ ဘာကြောင့် အဲဒီလိုမလုပ်ခဲ့တာလဲဆိုပြီး အပြစ်တင်ရင်း ကျွန်တော်တို့ အနည်းနဲ့အများ လွဲချော်နေမည်ဖြစ်ပါတယ်။ ရိုးရိုးရှင်းရှင်းနဲ့ အဆက်စပ်ရှိရှိပြောရရင် မြန်မာနိုင်ငံအမြင်တွင် Article IX ကို ခြွင်းချက်ပြုရန် မလိုအပ်တော့ကြောင်း နားလည်သဘောပေါက်လို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ယင်း၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နိုင်တဲ့ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုခုရဲ့ ဆောင်ရွက်နိုင်မှုကို ဖယ်ရှားထားပြီးဖြစ်တယ်လို့ ယုံကြည်ခဲ့ပါတယ်။

၁၁။ ဒီအချက်ဟာ တရားရုံးရဲ့ အာရုံစိုက်မှု ရရှိရေးအတွက် အင်မတန်အရေးပါတဲ့ အချက်ဖြစ်ပါတယ်။ ဒီအရေးပါတဲ့ ကြိုးပမ်းအားထုတ်မှုက မြန်မာနိုင်ငံရဲ့ ခြွင်းချက်ပြုခြင်းကို အဓိပ္ပာယ်ရှိစေဖို့ ဖြစ်ပါတယ်။ မြန်မာနိုင်ငံက ဘာကိုဆိုလိုပါသလဲ။ ယင်းကို ဘယ်လို အဓိပ္ပာယ် ဖွင့်ဆိုသင့်ပါသလဲ။ အမြင်အတိုင်းပဲ ပုဂ္ဂလဓိဋ္ဌာန်ကျကျ ဆုံးဖြတ်ရပါမယ်။ ခြွင်းချက်ပြုခြင်းမှာ အားကိုးအားထားပြုနိုင်တဲ့ အဓိပ္ပာယ်ရှိဖို့ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ ဘယ်လိုစာသားတွေ ထည့်သွင်းရမလဲဆိုတာ မြန်မာနိုင်ငံက စဉ်းစားခဲ့မှာပါ။ အဲလိုဆိုရင် Genocide Convention ၏ Article VIII နဲ့ Article IX တို့အကြား ဆက်နွှယ်မှုကို ယေဘုယျအားဖြင့် ဓမ္မဓိဋ္ဌာန်ကျကျ အဓိပ္ပာယ်ဖွင့်ဆိုမှုသည် ရှင်းလင်းပြတ်သားမှုမရှိနိုင်ပါ။ ဂမ်ဘီယာနိုင်ငံက မှန်စေဦးတော့ Article VIII သည် ယေဘုယျသဘောအရ တရားရုံးနှင့် မသက်ဆိုင်ဟုဆိုဦးတော့ မြန်မာနိုင်ငံအနေနဲ့ ယင်းခြွင်းချက်ပြုခြင်း၏ အဓိပ္ပာယ်ကို ဘယ်လိုနားလည်သလဲဆိုတဲ့ မြန်မာနိုင်ငံဘက်က ကိုယ်စားပြုမှုအပေါ် အလေးထားရမယ့်အချက် ရှိနေပါသေးတယ်။ ဒီပြဋ္ဌာန်းချက်များကိုလည်းကောင်း၊ ပြဋ္ဌာန်းချက်များရဲ့ အပြန်အလှန်ဆက်နွှယ်မှုကိုလည်းကောင်း နားလည်ဖို့ နည်းလမ်းရှာဖွေရန် လိုအပ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ သံသယရှိစရာ မလိုပါဘူး။ အကယ်၍ မြန်မာနိုင်ငံသည် Article VIII ကို အမှုလွှဲအပ်ခြင်းနဲ့ သက်ဆိုင်မှုအဖြစ် မယူဆပါက ယင်း၏ ခြွင်းချက်ပြုခြင်းသည် အသုံးဝင်သည့်အဓိပ္ပာယ် မရှိနိုင်တော့ပါ။

၁၂။ ကျွန်တော် ရှုထောင့်အမြင် ထပ်မံပြောင်းလဲကြည့်ပါမယ်။ နိုင်ငံတစ်နိုင်ငံသည် ထင်ရှားတဲ့ နယ်ပယ်မှာရှိတဲ့ စာချုပ်တစ်ခု၏ အရေးပါတဲ့ပြဋ္ဌာန်းချက်ကို ခြွင်းချက်ပြုထားပါတယ်။ တရားသူကြီးမင်းများခင်ဗျာ၊ တရားသူကြီးမင်းတို့ဟာ မတူညီတဲ့ နိုင်ငံများက နိုင်ငံသားများ ဖြစ်ကြပါတယ်။ စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

လူကြီးမင်းတို့ရဲ့ နိုင်ငံသည် အရေးကြီးသည်ဟု မှတ်ယူထားသော စာချုပ် တစ်ရပ်ရပ်တွင် ခြွင်းချက်ပြုထားရန် လိုအပ်နိုင်သည်ကို လူကြီးမင်းတို့လည်း သိရှိပြီးဖြစ်ပါတယ်။ လူကြီးမင်းတို့ နိုင်ငံတွေက ခြွင်းချက်ပြုခြင်းကို ဘယ်လောက်ထိန်းသိမ်းထားနိုင်မလဲကို လူကြီးမင်းတို့ သိကြမည်ဖြစ်ပါတယ်၊ ယခု ဂမ်ဘီယာသည် ထိုခြွင်းချက်ပြုသည့်ကိစ္စကို တရားရုံးက မသိကျိုးကျွန်ပြုရန် တောင်းဆိုနေပါတယ်။ ထိုသို့ခြွင်းချက်ပြုထားခြင်းကို မရှိခဲ့သလို သဘောထားဆောင်ရွက်ရန် ၎င်းတို့ကို ဂမ်ဘီယာက ညွှန်ကြားထားပါတယ်။ တရားသူကြီး မင်းတို့အနေဖြင့် တရားရုံး၏ စီရင်ထုံးများကို လိုက်နာရသော နိုင်ငံများအပေါ် မည်သည့် သတင်းစကားပါးချင်ပါသလဲ။ နိုင်ငံများ၏ ခြွင်းချက်ပြုထားခြင်းကို တရားရုံးက အလေးအနက်မထားတော့ဘူးလို့ ပြောလိုပါသလား။ အရေးမကြီးသော ကိစ္စအနေဖြင့် ဖော်ပြလိုပါသလား။ သေချာကြိုတင်ပြင်ဆင် ဆောင်ရွက်ထားတဲ့ ခြွင်းချက်ပြုခြင်းကို ချက်ချင်းပဲ ဘာမှအဓိပ္ပာယ်မရှိသလိုမျိုး ပစ်ပယ်စေချင်တာပါလား။ ခြွင်းချက်ပြုခြင်းသည် ပြဋ္ဌာန်းချက်များ တစ်သားတည်းရှိမှုကို အဟန့်အတားဖြစ်စေသည်ဟု ရှုမြင်မှုသည် အားလုံးနှောင်တရစရာ ဖြစ်စေနိုင်ပါတယ်။ အဆိုပါအချက်တွေဟာ မိမိတို့နဲ့ မသင့်လျော်တာကြောင့် ယင်းတို့ကို လျစ်လျူရှုပေးပါလို့ တင်ပြနေခြင်းမဟုတ်ပါ။

၁၃။ နောက်ဆုံးအချက်အနေနဲ့ ဆန့်ကျင်ဘက် အဓိပ္ပာယ်ဖွင့်ဆိုမှုတွေအပေါ် တရားရုံးရဲ့ အာရုံစိုက်မှု ရှိစေလိုခြင်းဖြစ်ပါတယ်။ အကယ်၍ Article VIII သည် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေကို အမှုလွှဲအပ်တဲ့အချက်နဲ့သာ အမှန်တကယ်အကျုံးဝင်ပြီး ခြွင်းချက်ပြုခြင်းကလည်း အဲ့ဒီအပေါ် အကျိုးသက်ရောက်မှုရှိသည်ဆိုလျှင် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းတွေကို အမှုလွှဲအပ်ခြင်းအား ခြွင်းချက်ပြုမှုက တားမြစ်ရာရောက်ပြီး တရားရုံးကို အမှုလွှဲအပ်ခြင်းကိုတော့ Article IX က ထိန်းသိမ်းထားတဲ့အတွက် တားမြစ်ရာရောက်မှာ မဟုတ်ပါဘူး။ ရလဒ်ကတော့ အကြံပြုချက်များ (recommendations) သာလျှင် ထုတ်ပြန်လေ့ရှိတဲ့ အဖွဲ့အစည်းတွေရဲ့ ဆောင်ရွက်နိုင်ခွင့်ကနေ မြန်မာနိုင်ငံကို ကာကွယ်နိုင်မှာဖြစ်ပြီး စည်းနှောင်အားရှိသော နည်းလမ်းများဖြင့် ဆုံးဖြတ်သည့် အဖွဲ့အစည်းရဲ့ ဆောင်ရွက်နိုင်ခွင့်ကနေ ကာကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး။ တတိယနိုင်ငံရဲ့ ဝင်ရောက်စွက်ဖက်မှုမှ ကိုယ့်ကိုယ်ကိုကာကွယ်ရန် ဆောင်ရွက်လိုတဲ့နိုင်ငံအတွက် အံ့သြဖွယ်ရာ အကျိုးသက်ရောက်မှုကို ဖြစ်စေပါတယ်။ မပြောပလောက်သည့် ဝင်ရောက်စွက်ဖက်မှုကို ဟန့်တားနိုင်ပြီး ကြီးမားသည့် ဝင်ရောက်စွက်ဖက်မှုကို ခွင့်ပြုနိုင်သလိုဖြစ်ပါတယ်။ ယခုအမှုတွင် ဖော်ပြပါအကျိုးသက်ရောက်မှုနှင့် ခြွင်းချက်ပြုလုပ်သော နိုင်ငံ၏ ရည်ရွယ်ချက်တို့ကို အလွယ်တကူစေ့စပ်နိုင်မည်ဟု ယုံကြည်ရန် ခက်ခဲကြောင်း ကျွန်တော်တွေ့ရှိရပါတယ်။ ဒါကြောင့် ခြွင်းချက်ပြုခြင်း၏ ရည်ရွယ်ချက်ကို ထည့်သွင်းစဉ်းစားလျှင် Article VIII တွင် တရားရုံးပါဝင်ကြောင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ပို၍ညီညွတ်မှုရှိမည် ဖြစ်ပါတယ်။

၁၄။ ကျွန်တော့်အနေနဲ့ အဓိကပြဿနာကို ဖော်ပြပြီးပါပြီ။ ဘောပင်တစ်ချောင်းနဲ့ ရေးခြစ်ရုံဖြင့် မြန်မာနိုင်ငံ၏ ခြွင်းချက်ပြုခြင်းရဲ့ အသုံးဝင်သော အကျိုးသက်ရောက်မှုကို မိမိတို့ ငြင်းပယ်နိုင်ပါသလား။ ဥပဒေအတွေးအခေါ်တစ်ရပ်အဖြစ် ပြောင်းလဲပစ်မည်လား။ နောက်ဆုံးအနေနဲ့ ပယ်ဖျက်ပစ်မည်လား။ လေးစားအပ်ပါသော တရားရုံးတော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် တရားသူကြီးမင်းများခင်ဗျာ၊ လူကြီးမင်းတို့ရဲ့ခံစားမှုအပေါ်မှာတော့ ကျွန်တော့်အနေနဲ့ ခန့်မှန်းလို့မရနိုင်ပါဘူး။ သို့ပေမယ့် ဒီအမြင်ကို အဆုံးသတ်ဖို့ ကျွန်တော့်အတွက်တော့ ခက်ခဲလျက်ရှိကြောင်း ဝန်ခံပါရစေ။ ဘာမှမရှိခြင်း နတ္ထိကဝါဒဆိုတာဟာ ဒဿနိကဗေဒမှာတော့ စိတ်ဝင်စားစရာကောင်းတဲ့ အယူအဆတစ်ခုဖြစ်ပါတယ်။ စာချုပ်တွေမှာ ခြွင်းချက်ပြုခြင်းကိစ္စကတော့ အဲဒီလိုဖြစ်မယ်လို့ ကျွန်တော်မယုံကြည်ပါဘူး။ မြန်မာနိုင်ငံက Article VIII ကို ခြွင်းချက်ပြုထားတဲ့ကိစ္စကို လုံးဝလျစ်လျူရှုထားနိုင်တဲ့ ဆုံးဖြတ်ချက်တစ်ရပ်ကို ကျွန်တော်တို့ မချမှတ်နိုင်ပါဘူး။ အဲဒီခြွင်းချက်ပြုခြင်းက ရှိနေပြီဖြစ်လို့ ယင်းအပေါ်တရားရုံးက အဓိပ္ပာယ်တစ်ခုတော့ ပေးရမှာဖြစ်ပါတယ်။

**ဂမ်ဘီယာနိုင်ငံ၏ အချို့သော လျှောက်လဲချက်များအတွက် အဖြေများ**

၁၅။ ဂမ်ဘီယာနိုင်ငံ၏ လျှောက်ထားချက် သုံးခုအပေါ် ယခုတင်ပြလိုပါတယ်။ တင်ပြချက်အားလုံးကို ပြုစုရန် အချိန်မရခဲ့ပေမယ့် ဂမ်ဘီယာရဲ့ သေးငယ်တဲ့အချက်အလက်များနဲ့ ငြီးငွေ့ဖို့၊ အသေးစိတ်အချက်အလက်များနဲ့ အာရုံများနေဖို့၊ ကျွန်တော်တို့ရဲ့ ဆွေးနွေးချက်များမှာ စုစည်းဖော်ပြထားပြီးဖြစ်တဲ့ အချက်အလက်များ၏ အသုံးမဝင်မှုကို ထပ်မပြုလုပ်လိုပါဘူး။

၁၆။ ပထမတင်ပြချက်တွင် နစ်နာသည့်နိုင်ငံနှင့် နစ်နာမှုမရှိသည့် နိုင်ငံတို့အကြား ခြားနားချက်သည် ပြဋ္ဌာန်းချက်များနှင့် မကိုက်ညီဟု ဆိုပါတယ်။ Article VIII က ယင်းကို ထောက်ခံထားခြင်းမရှိကြောင်း ဂမ်ဘီယာနိုင်ငံက ပြောပါတယ်။ ဒီပြဋ္ဌာန်းချက်အတွက် ကြိုတင်ဆွေးနွေးပြုစုတဲ့ လုပ်ငန်းတွင်လည်း ထိုသို့ဖော်ပြခဲ့ခြင်း မရှိကြောင်း ဂမ်ဘီယာနိုင်ငံက ဆိုပါတယ်။ ကျွန်တော် သဘောတူပါတယ်။ ကျွန်တော့်အနေနဲ့လည်း Article VIII ကို ရည်ညွှန်းပြောဆိုနေတာမဟုတ်ဘဲ ခြွင်းချက်ပြုခြင်းကိုသာ ရည်ညွှန်းတင်ပြနေတာ ဖြစ်ပါတယ်။ ခြွင်းချက်ပြုသည့်ဖော်ပြချက်သည် အဆိုပါခြားနားချက်ကို မှန်ကန်ကြောင်း ပြဆိုနိုင်ပါသလား။ တရားရုံးကို အံ့အားသင့်စေနိုင်မယ့် မိမိရဲ့အဖြေက ဆန့်ကျင်ဘက်ဖြစ်ပါတယ်။ ခြွင်းချက်ပြုခြင်းဖြင့် မြန်မာနိုင်ငံက Article VIII ကို လက်ခံကျင့်သုံးခြင်းကနေ ဖယ်ရှားထားပါတယ်။ ခြွင်းချက်ပြုခြင်းမှာ နစ်နာသည့်နိုင်ငံနှင့် နစ်နာမှုမရှိသည့် နိုင်ငံတို့အကြား ခြားနားချက်မရှိပါဘူး။ ဒီအပိုင်းနှစ်ပိုင်းက ဘယ်ကနေပေါ်လာပါသလဲ။ မြန်မာနိုင်ငံ၏ ယဉ်ကျေးသောအပြုအမူမှ ဆင်းသက်လာပါတယ်။ နစ်နာမှုမရှိသည့်နိုင်ငံသည် ၎င်းခြွင်းချက်ပြုထားမှု စာသားအပေါ်အခြေခံ၍ အမှုလွှဲအပ်မှု တစ်စုံတစ်ရာကို ဖယ်ထုတ်ခြင်းဖြင့် လက်ခံပေးနိုင်ပါတယ်၊ သို့ပေမယ့် မြန်မာနိုင်ငံက အဲ့လောက်အထိ မသွားလိုပါဘူး။ နစ်နာမှုမရှိသည့် နိုင်ငံက အမှုလွှဲအပ်မှုကိုသာလျှင် မြန်မာနိုင်ငံက ကန့်သတ်ထားလိုခြင်း ဖြစ်ပါတယ်။ အဲဒီလိုမရှိခဲ့ဘူးဆိုရင်တော့ ပိုပြီးလွယ်ကူမှာကို သံသယမရှိပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲ့ ခြွင်းချက်ပြုထားတဲ့ကိစ္စ ပျော့ပျောင်းမှုရှိစေဖို့ မြန်မာနိုင်ငံကို အပြစ်တင်လို့ ရနိုင်ပါသလား။ တကယ်လို့ ဂမ်ဘီယာနိုင်ငံက ခြွင်းချက်ပြုထားတဲ့ စာသားတစ်ခုလုံးကို ပိုမိုလက်ခံတယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ရည်ရွယ်ချက်ရှုထောင့်ကနေ ဥပဒေအရ တုံ့ပြန်ရတာ ပိုပြီးရိုးရှင်းပါတယ်။ နစ်နာသည့် နိုင်ငံနှင့် နစ်နာမှုမရှိသည့်နိုင်ငံ ဘယ်ကပဲဖြစ်ဖြစ် တရားရုံးရဲ့ ဆောင်ရွက်နိုင်မှုကို ဖယ်ထုတ်ရမှာဖြစ်ပါတယ်။ ဒီကိစ္စရပ်ကို ဒီမှာပဲထားလိုပါတယ်။ အဘယ့်ကြောင့်ဆိုသော် ဒီခြားနားချက်က ယခုအမှု ဖြေရှင်းရာမှာ အရေးကြီးမှုမရှိတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အရေးကြီးတာက တခြားအချက်ဖြစ်ပါတယ်။ အဲဒါက ခြွင်းချက်ပြုခြင်းရဲ့ ရည်ရွယ်ချက်နဲ့သက်ဆိုင်ပြီး ပြည်တွင်းရေးမှာ ဝင်ရောက်စွက်ဖက်ခြင်းကို ဖယ်ထုတ်ဖို့ ဖြစ်ပါတယ်။ ရှင်းရှင်းလင်းလင်းဆိုရလျှင် တရားရုံးကို အမှုလွှဲအပ်ခြင်းသည် အဆိုပါ ဝင်ရောက်စွက်ဖက်မှုပင် ဖြစ်ပါတယ်။ ယင်းသည် စည်းနှောင်အားရှိတဲ့ ဆုံးဖြတ်ချက်ကို ဖြစ်ပေါ်စေကြောင်း မှတ်သားဖွယ်ရာဖြစ်ပါတယ်။

၁၇။ အဆိုပါခြွင်းချက်ပြုခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာချုပ် အပိုဒ် ၂၊ အပိုဒ်ခွဲ ၇ နှင့် စပ်လျဉ်းသောကိစ္စရပ်များနှင့်သာ သက်ဆိုင်ခဲ့လျှင် ခြွင်းချက်ပြုသည့်စာသား အကြောင်းအရာကို နားလည်ရန် ခက်ခဲမည်ဖြစ်ပါတယ်။ အဘယ်ကြောင့် Article VIII ကို လက်ခံကျင့်သုံးခြင်းကနေ လုံးဝဖယ်ထုတ်ပြီး ပြည်တွင်းရေးရာများနှင့် စပ်လျဉ်း၍ ပုံမှန်လုပ်ထုံးလုပ်နည်းများ ပြုလုပ်ရန် မကန့်သတ်ထားပါသနည်း။

၁၈။ ဒုတိယတင်ပြချက်တွင် Article VIII နှင့် Article IX တို့ကို ပြဋ္ဌာန်းရန် ကြိုတင်ဆွေးနွေးပြုစုခဲ့သည့် လုပ်ငန်းများကို ဂမ်ဘီယာနိုင်ငံက တရားရုံးသို့ ရှည်ရှည်ဝေးဝေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ဤသည်မှာ အနက်ဖွင့်ရန် မလွယ်သည့် တစ်ခါတစ်ရံ ပြောင်းလဲမှုများပါရှိသည့် ရှည်လျားသော အနေအထားက ရှုပ်ထွေးနေသည့် အချက်များ ဖြစ်ပါတယ်။ ဂမ်ဘီယာနိုင်ငံသည် အဓိကကျတဲ့အချက်များကို အလေးပေးပြီး နှုတ်ဖြင့်လျှောက်လဲခြင်းကို မပြုလုပ်ခဲ့ပါဘူး။ သို့ဖြစ်၍ တရားသူကြီးမင်းများက ဒါနဲ့ပတ်သက်ပြီး စာဖြင့်ရေးသား လျှောက်လဲချက်ကို ကိုးကားရန်တင်ပြလိုပါတယ်။ "ကုလသမဂ္ဂ၏ အဖွဲ့အစည်းများ" ဆိုတဲ့ ကျယ်ပြန့်တဲ့ ချဉ်းကပ်မှုကို အလေးပေးပြီး အထွေထွေညီလာခံနဲ့ လုံခြုံရေးကောင်စီတို့လို နိုင်ငံရေးအဖွဲ့အစည်းတွေသာဖြစ်သည်ဆိုတဲ့ Article VIII ရဲ့ ကန့်သတ်ချက်ကို ငြင်းပယ်ခဲ့တာကို တရားရုံးကအာရုံစိုက်နိုင်ဖို့ ကျွန်တော်ရည်ရွယ်ခြင်း ဖြစ်ပါတယ်။

၁၉။ ကျွန်တော့်အနေနဲ့ ပြဋ္ဌာန်းချက်အတွက် ကြိုတင်ဆွေးနွေးပြုစုတဲ့လုပ်ငန်းတွေအပေါ် ဘာကြောင့် ပြန်လည်မပြောတော့တာလဲဆိုတဲ့ အကြောင်းပြချက် နောက်တစ်ခုရှိပါတယ်။ Genocide Convention သည် နိုင်ငံအများ ပါဝင်သော စာချုပ်တစ်ခု ဖြစ်ပါတယ်။ ထိုသို့သော စာချုပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြဋ္ဌာန်းချက်စာသားနှင့် အခြားရည်ရွယ်ချက်များကို အဓိကအခြေခံရပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ယုတ္တိကင်းမဲ့ပြီး ကျိုးကြောင်းဆီလျော်မှုမရှိသည့်အခါတွင် အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အတည်ပြုခြင်း၊ ရှင်းလင်းစေခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ ပြုလုပ်သည့်အခါ၌ ပြဋ္ဌာန်းချက်အတွက် ကြိုတင်ဆွေးနွေးပြုစုတဲ့ လုပ်ငန်းများသည် အထောက်အကူပြု အချက်အလက်အဖြစ်သာလျှင် တည်ရှိပါတယ်။ ဤနေရာတွင် တရားရုံးသည် ကုလသမဂ္ဂ၏ အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်ဟု ညွှန်းဆိုပါက ကျိုးကြောင်းဆီလျော်မှုမရှိဟု ဆိုနိုင်ပါသလား။ ကြိုတင်ဆွေးနွေးပြုစုတဲ့ လုပ်ငန်းများသည် ပြဋ္ဌာန်းချက်အတွက် အထောက်အကူပြု အချက်အလက်များသာဖြစ်ကြောင်း တရားရုံးစီရင်ထုံးများက သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ရည်ရွယ်ချက်အခြေပြုသော အဓိပ္ပာယ်ဖွင့်ဆိုမှုနည်းလမ်းများကို လက်ခံပါလျှင် ယင်းတို့ကို ပြဋ္ဌာန်းချက်အားလုံးတွင် အသုံးပြုရမှာဖြစ်ပါတယ်။ အဆိုပါနည်းလမ်းများကို ပညာရပ်ဆိုင်ရာ သဘာဝရှိသော ကိစ္စရပ်များအတွက် အသုံးမပြုဘဲ လူမှုစံနှုန်းမြင့်မားသည့်သဘာဝရှိသောကိစ္စရပ်များအတွက်သာလျှင် သုံးစွဲဖို့ တစ်ဖက်သတ်ရွေးချယ်မှု မပြုလုပ်နိုင်ပါဘူး။ နိုင်ငံတကာစာချုပ်တစ်ခုသည် စကားပြန်တစ်ဦးက သူနှစ်သက်သလို ကောက်ယူပြောဆိုနိုင်သည့် စားသောက်ဆိုင်မှ အစားအသောက်စာရင်း တစ်ခုမဟုတ်ပါ။

၂၀။ ပြဋ္ဌာန်းချက်အတွက် ကြိုတင်ဆွေးနွေးပြုစုတဲ့ လုပ်ငန်းများကို ပိုမိုအလေးမပေးဖို့ နောက်ထပ်အကြောင်းရင်းတစ်ခု ရှိပါသေးတယ်။ မြန်မာနိုင်ငံ၏ ခြွင်းချက်ပြုခြင်းကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ယင်းတို့မှာ တစ်ဆင့်ခံအကြောင်းအရာများ ဖြစ်ပါတယ်။ သီးခြားကိုယ်စားပြုခြင်းများကို ဒီနေရာမှာ ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံ၏ ရည်ရွယ်ချက်က အဓိကဖြစ်ပါတယ်။

၂၁။ သို့သော် ကြိုတင်ပြင်ဆင်သည့်လုပ်ငန်း (travaux) ဟူသည့် စကားရပ်အကြောင်း ကျွန်တော်ပြောလိုပါတယ်။ လုံလောက်သည့် အကျိုးမရှိ၍ ကျွန်တော်က ရှောင်ရှားလိုခြင်းဖြစ်သည်ဟု တရားသူကြီးမင်းများက မမှတ်ယူစေလိုသောကြောင့် ဖြစ်ပါတယ်။ ထင်ရှားသော အချက်နှစ်ချက်ကို ဖော်ပြလိုပါတယ်။ Article VIII နှင့် Article IX တို့ကို အတူတကွ ဆွေးနွေး ခဲ့ကြပါတယ်။ ဆွေးနွေးသည့်အဆင့်တွင် Article နှစ်ခုကို တစ်ပေါင်းတည်းပြုစုထားခဲ့ပါတယ်။ နောက်ပိုင်းမှ ပြဋ္ဌာန်းချက်ကို သီးခြားစီ ပြုစုခဲ့ကြပါတယ်။ Article VIII သည် ယေဘုယျပြဋ္ဌာန်းချက်အနေဖြင့် ဝင်ပေါက်တစ်ခုအဖြစ် ပေါ်ပေါက်လာပြီး Article IX သည် တရားရုံးအတွက် သီးခြားစီရင်ပိုင်ခွင့်ရှိသော ကဏ္ဍကို ဖော်ပြထားပါတယ်။ ဂမ်ဘီယာဘက်က တင်ပြသလို နိုင်ငံရေးနဲ့ တရားစီရင်ရေးအကြား တင်းကျပ်တဲ့ စည်းခြားထားမှုကို ကျွန်တော်တို့ မတွေ့ရှိရပါဘူး။

၂၂။ ထို့ပြင် ၁၉၄၈ ခုနှစ် နိုဝင်ဘာလအတွင်း အဆင့်မြင့်ဆွေးနွေးပွဲ၌ Article X စာသား (ယခု Article VIII) တွင် 'ကုလသမဂ္ဂ၏ အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ရပ်ရပ်' ဟူသော စကားရပ်ကို သုံးနှုန်းခဲ့ပါတယ်။ "အခွင့်အာဏာရှိသော အဖွဲ့အစည်းတစ်ရပ်ရပ်" ဆိုတာ တရားရုံးမပါဘူးလား။

၂၃။ ဂမ်ဘီယာက 'saisir' နှင့် 'recurrir' စကားရပ်များ၏ အဓိပ္ပာယ်အား ယင်းတို့ပါဝင်ရသည့် သဘောသဘာဝကို အလေးထား၍ သုံးသပ်စိစစ်တင်ပြခဲ့ပါတယ်။ ဂမ်ဘီယာက 'also' ဟူသည့် စကားလုံးကို အသုံးပြုခဲ့ပြီး ၎င်းသည်တရားစီရင်ရေးရော နိုင်ငံရေးအဖွဲ့အစည်းများအတွက်ပါ သင့်လျော်သည်ဟု တင်ပြခဲ့ပါတယ်။ ဤတင်ပြချက်သည် Article VIII ကို နိုင်ငံရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သည်ဟူသော တင်ပြချက်ကို အားကောင်းစေရန် ဖြစ်ပါတယ်။ အဘယ်ကြောင့်ဆိုသော် ယင်းအဖွဲ့အစည်းများသည် 'Seize' စကားရပ်အရ ဖယ်ထုတ်ခြင်းမခံရသောကြောင့် ဖြစ်ပါတယ်။ သို့သော် ထိုစကားရပ်များတွင် တရားရုံးများ ပါဝင်သည်ဟူသည့် ၎င်း၏တွက်ချက်မှုမှ တစ်ဆင့် ဝန်ခံရာရောက်နေသည်ကိုတော့ ဂမ်ဘီယာက သတိပြုမိမည်မဟုတ်ပါ။ ပြဋ္ဌာန်းချက်များအတွက် ကြိုတင်ဆွေးနွေးပြုစုတဲ့ လုပ်ငန်းတွင် ဤသို့ပါဝင်ကြောင်း အဓိပ္ပာယ်ကို အတည်ပြုထားတဲ့ တစ်စွန်းတစ်စ ဖော်ပြချက်အချို့ ပါဝင်ပါတယ်။ ဗြိတိန်နိုင်ငံကိုယ်စားပြုသည့် Sir Hartley Shawcross ရဲ့ ရပ်တည်မှုကိုကြည့်ပါ။ Article VIII တွင် ရည်ညွှန်းထားသည့် အဖွဲ့အစည်းတွင် လူမျိုးတုံးသတ်ဖြတ်မှုကို ပြစ်ဒဏ်ပေးရန် နိုင်ငံတကာရာဇဝတ်ခုံရုံးတစ်ခုကို တည်ထောင်ဖို့ ပါဝင်ပါတယ်။

၂၄။ တတိယတင်ပြချက်မှာ ဂမ်ဘီယာနိုင်ငံသည် ကျွန်တော်ကိုယ်တိုင်ရေးသားသည့်စာတမ်းများကို တင်ပြခြင်းဖြင့် ကျွန်တော့်ကို အခက်အခဲဖြစ်စေရန်ကြိုးပမ်းမှုမှာ မှန်ကန်သည်ဟု တွေးထင်နေပါတယ်။ ဒါဟာအန္တရာယ်များတဲ့ လောင်းကြေးထပ်မှုပါပဲ။

*စာမျက်နှာ ၁၁ သို့*

# အေးစေမြဲစေ မေတ္တာရေ

...... စာချစ်သူ ......

**"လူ့သမိုင်းတစ်လျှောက် မရပ်မနားကြားနေရတဲ့ ကြောက်စရာအသံတွေက စစ်မောင်းသံနဲ့ စစ်ချီသံတွေပါပဲ"ဟု သုတေသီ အာသာကိုအက်စ်လာ ဆိုခဲ့သည့်အတိုင်း ကမ္ဘာပေါ်တွင် စစ်ပွဲများက ယနေ့တိုင်မပြီးနိုင်၊ မစီးနိုင် အတောမသတ်ဖြစ်ပွားနေဆဲ။**

ပထမကမ္ဘာစစ်၏ စစ်ပွဲအဆက်ဟု စစ်သမိုင်းပညာရှင်များက သုံးသပ်ခဲ့ကြသည့် ဒုတိယကမ္ဘာစစ်ကြီးမှာ ၁၉၃၉ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၁၉၄၅ ခုနှစ် စက်တင်ဘာ ၂ ရက်အထိ စုစုပေါင်း ခြောက်နှစ်နှင့် တစ်ရက်ကြာညောင်းခဲ့သည်။ အမေရိကန်နှင့်ဗြိတိန်တို့ ဦးဆောင်သည့် မဟာမိတ်နိုင်ငံများနှင့် ဂျာမနီ၊ ဂျပန်နှင့် အီတလီတို့ပါဝင်သော ဝင်ရိုးတန်းနိုင်ငံများအဖွဲ့တို့ တစ်ဖက်နှင့်တစ်ဖက် အပြိုင်စစ်ခင်းခဲ့ကြသည်။ စစ်သားပေါင်း သန်း ၁၀၀ ကျော် ပါဝင်တိုက်ခိုက်ခဲ့ကြသည်။ လူပေါင်းသန်း ၇၀ နီးပါး သေကျေပျက်စီးခဲ့ကြရာ အများစုမှာ အရပ်သားများဖြစ်ကြသည်။

### ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးပေါ်ထွက်

စစ်ကြီးအပြီး ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် မူလနိုင်ငံပေါင်းချုပ်အသင်းကြီးအစား နိုင်ငံတကာ တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ စီးပွားရေး၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနှင့်ကမ္ဘာ့ငြိမ်းချမ်းရေးတို့အတွက် United Nations ခေါ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး ပေါ်ထွက်လာသည်။

သို့ရာတွင် စစ်မောင်းသံနှင့် စစ်ချီသံများက ရပ်နားမသွားခဲ့ပါ။ အမေရိကန် ဦးဆောင်သော အနောက်အုပ်စုနှင့် ဆိုဗီယက်ပြည်ထောင်စုဦးဆောင်သော အရှေ့အုပ်စုတို့၏ ဝါဒအားပြိုင်မှုများနှင့်အတူ ၁၉၅၀ ပြည့်နှစ် ဇွန် ၂၅ ရက်တွင် ကိုရီးယားစစ်ပွဲကြီး ထပ်မံပေါ်ပေါက်လာသည်။ မြောက်ကိုရီးယားတပ်များက တောင်ကိုရီးယားကို အလစ်အငိုက်ရယူကာ စတင်ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ အမေရိကန်နှင့် မဟာမိတ်နိုင်ငံ အချို့က "နိုင်ငံတကာငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ပုံမှန်အနေအထားရှိစေရန် စစ်ရေးအရ အရေးတကြီးဆောင်ရွက်ရန် လိုအပ်လာသည်" ဟူသည့် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အရ ကုလသမဂ္ဂအရိပ်အောက်မှ စစ်ပွဲအတွင်း ပါဝင်လာသည်။ ဗိုလ်ချုပ်ကြီး မက်အာသာ၏ အင်ချုံကမ်းတက် စစ်ဆင်ရေးအောင်မြင်မှုကြောင့် တောင်ကိုရီးယားနိုင်ငံမှာ မြောက်ကိုရီးယား၏ သိမ်းပိုက်မှုအောက်မှ လွတ်မြောက်ခဲ့ရသည်။

### တင်းမာမှုများမှာ ယနေ့တိုင်ဖြစ်ပေါ်နေ

အင်ချုံကမ်းတက် စစ်ဆင်ရေးတွင် အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ နယူးဇီလန်၊ ပြင်သစ်နှင့် ဒတ်ချ်စစ်သင်္ဘောများ၊ တိုက်ရေယာဉ်များ အစင်းပေါင်း ၂၆၀ ပါဝင်ဆင်နွှဲခဲ့သည်။ ရေတပ်စစ်သည်အင်အားကချည်း ၇၀၀၀၀ ရှိသည်။ စစ်မြေပြင်တစ်ခုလုံးအနေဖြင့်မူ စစ်သည်အင်အား ၁၈၀၀၀၀ အသုံးပြုခဲ့သည်။ အင်ချုံတိုက်ပွဲတွင် အမေရိကန်နှင့် မဟာမိတ်အဖွဲ့မှ စစ်သည် ၃၅၀၀ ခန့်ကျဆုံးပြီး မြောက်ကိုရီးယားဘက်မှ စစ်သည် တစ်သိန်းခွဲခန့် ကျဆုံးခဲ့ကာ တစ်သိန်းကျော် အဖမ်းခံခဲ့ရသည်။ ကိုရီးယားစစ်ပွဲအတွင်း နှစ်ဖက်ထိခိုက်ကျဆုံးမှုမှာ သန်းနှင့်ချီရှိခဲ့ပြန်သည်။ ၁၉၅၃ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အပစ်အခတ်ရပ်စဲရေးစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သော်လည်း တောင်၊ မြောက် တင်းမာမှုများမှာ ယနေ့တိုင်ဖြစ်ပေါ်နေဆဲပင်။

### ကွန်မြူနစ်နိုင်ငံများ အများအပြားပေါ်ထွန်း

ကိုရီးယားစစ်ပွဲကြီးပြီးဆုံးသွားသော်လည်း အရှေ့၊ အနောက်အုပ်စု အားပြိုင်မှုမှာ မပြီးစီးနိုင်ပါ။ ကမ္ဘာ့တင်းမာမှုများက ပိုလို့ပင်မြင့်တက်လာသည်။ ဒုတိယကမ္ဘာစစ်ပြီးစ အချိန်တွင် အမေရိကန်က ကွန်မြူနစ်စနစ် ပြန်လည်လိမ့်ဝင်ရေးပေါ်လစီကို ချမှတ်ကျင့်သုံးခဲ့သည်။ သို့ရာတွင် ဆိုဗီယက်ပြည်ထောင်စု၏ ကွန်မြူနစ်စနစ်မှာ ပြန်လည်လိမ့်ဝင် မသွားခဲ့ရုံမက အင်အားကြီးတစ်နိုင်ငံဖြစ်လာသည်။ ထိုအခါ အမေရိကန်က ကွန်မြူနစ်စနစ် ထိန်းချုပ်ရေးပေါ်လစီကို ချမှတ်ကျင့်သုံးပြန်သည်။ သို့တစေ ကမ္ဘာပေါ်တွင် ကွန်မြူနစ်နိုင်ငံများ အများအပြားပေါ်ထွန်းလာခဲ့ပြန်သည်။ ထို့ကြောင့် ၁၉၈၀ လွန်နှစ်များတွင် အမေရိကန်သည် ဆိုဗီယက်ပြည်ထောင်စုအပါအဝင် အရှေ့အုပ်စုနိုင်ငံများကို ချိတ်ဆက်ဆောင်ရွက်ရေး ပေါ်လစီကိုသာ ချမှတ်အသုံးပြုခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စု၏ ခြေလှမ်းအပေါ် မူတည်၍ တုံ့ပြန်ဆောင်ရွက်သည့်ပေါ်လစီမူဝါဒ ဖြစ်သည်။

ထိုသို့ အရှေ့အုပ်စုနှင့် အနောက်အုပ်စုတို့၏ တင်းမာမှုများအပြင် ကမ္ဘာ့နိုင်ငံများ၏ သမိုင်းရန်ငြိုးများ၊ နယ်မြေပိုင်ဆိုင်မှုပြဿနာများကြောင့် စစ်ပွဲများကလည်း ကမ္ဘာပေါ်တွင် အတောမသတ် ဖြစ်ပေါ်ခဲ့ပြန်သည်။

အီဂျစ်တို့၏ ဆူးအက်တူးမြောင်း ပြည်သူပိုင်သိမ်းယူမှုကို မကျေနပ်သည့် ဗြိတိန်နှင့် ပြင်သစ်တို့က အစ္စရေးနှင့်ပေါင်း၍ အီဂျစ်ကို တစ်ဖက်သတ်စစ်ပွဲဆင်နွှဲသည့် ၁၉၅၆ ခုနှစ် ဆိုင်းနိုင်း သဲကန္တာရစစ်ပွဲ၊ ၁၉၆၂ ခုနှစ် တရုတ်-အိန္ဒိယစစ်ပွဲ၊ ၁၉၆၅ ခုနှစ် အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ၊ ၁၉၆၇ ခုနှစ် အာရပ်-အစ္စရေးခြောက်ရက်စစ်ပွဲ၊ ၁၉၇၁ ခုနှစ် ဒုတိယအကြိမ် အိန္ဒိယ- ပါကစ္စတန်စစ်ပွဲ၊ ၁၉၇၃ ခုနှစ် စတုတ္ထအကြိမ် အာရပ်-အစ္စရေးစစ်ပွဲ၊ ၁၉၈၀ ပြည့်နှစ် အီရန်-အီရတ်စစ်ပွဲ၊ ၁၉၈၂ ခုနှစ် ဗြိတိန်နှင့် အာဂျင်တီးနားတို့၏ ဖောက်ကလန်စစ်ပွဲ၊ ၁၉၉၁ ခုနှစ် ပင်လယ်ကွေ့စစ်ပွဲ၊ ၁၉၉၉ ခုနှစ် ဘောလ်ကန်စစ်ပွဲ၊ ၂၀၀၁ ခုနှစ် အာဖဂန်နစ္စတန်စစ်ပွဲနှင့် ၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲများ။

မှတ်မှတ်ရရဖြစ်ခဲ့မိသည့် စစ်ပွဲကတော့ ၁၉၈၂ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် ဗြိတိန်နှင့် အာဂျင်တီးနားတို့၏ ဖောက်ကလန်စစ်ပွဲ။ ကမ္ဘာကြီးကို စူးစမ်းစ၊ သိတတ်စ ဆယ်ကျော်သက်အရွယ်တွင် ဖြစ်ပွားခဲ့သည့် စစ်ပွဲမို့ နတ်ကရာကျီးမေ့ဖြစ်ရသည်။

သို့တစေ ဖောက်ကလန်စစ်ပွဲ ဘာကြောင့် ဘယ်လိုဖြစ်ပွားခဲ့သည်ကိုမူ မသိ။ ဘယ်နေရာ ဘယ်ဒေသမှာရှိမှန်းလည်းမသိခဲ့ရိုး အမှန်ပင်။ ကိုယ်တွေစိတ်ဝင်စားသည်က စစ်ပွဲတွင် ဗြိတိန်တို့ အသုံးပြုသွားသည့် ပြေးလမ်းမလိုဘဲ ရဟတ်ယာဉ်ကဲ့သို့ ထက် / အောက် တည့်မတ်စွာ ဆင်းတက်အသုံးပြုနိုင်သော ဆီးဟယ်ရီယာ တိုက်လေယာဉ်နှင့် အာဂျင်တီးနားတို့အသုံးပြုသွားသည့် ပြင်သစ်ထုတ် ဆူပါအီတင်းဒတ် တိုက်လေယာဉ်များသာ ဖြစ်သည်။ ခေတ်မီကမ္ဘာထဲက ခေတ်မီ စစ်လက်နက်ပစ္စည်းများက ဆယ်ကျော်သက်အရွယ် လူငယ်တစ်ဦး၏ စိတ်ကို အကြီးအကျယ်ဖမ်းစားစေသည်။

စစ်ပွဲ၏ အစမှာပင် ဗြိတိန်ရေငုပ်သင်္ဘောက အာဂျင်တီးနားတို့၏ ဂျင်နရယ်ဘဲလ် ဂရာနိုအမည်ရှိ ခရူဇာစစ်သင်္ဘောကြီးကို တိုပီဒိုဖြင့် ပစ်လွှတ်၍ နစ်မြုပ်လိုက်သည်။ အာဂျင်တီးနားတို့ကလည်း လက်စားချေသည့်အနေဖြင့် ဗြိတိန်ဖျက်သင်္ဘောရက်ဖီးကို အိပ်ဇိုဆေးဒုံးပျံဖြင့် ပစ်ခတ်နစ်မြုပ်လိုက်ပြန်သည်။

### စိတ်ဝင်စားမှုအရှိန်မြင့်တက်

ဖောက်ကလန်စစ်ပွဲ၏ အရှိန်မြင့်သထက်မြင့်လာသည်နှင့်အမျှ စိတ်ဝင်စားမှုအရှိန်ကလည်း မြင့်တက်လာသည်။ ထိုခေတ်ကာလက ကျွန်တော်တို့မျိုးဆက်လူငယ်များအဖို့ အားထားရာက အစိုးရထုတ်သတင်းစာ နိုင်ငံတကာသတင်းစာမျက်နှာများသာဖြစ်သည်။ ဘီဘီစီ၊ ဘီအိုအေ ရေဒီယိုမြန်မာပိုင်းအစီအစဉ်များပင် ခေတ်မစားသေး။ သို့နှင့် ကျောင်းကပြန်လာသည်နှင့် သတင်းစာကိုကောက်ကိုင်၊ နိုင်ငံတကာသတင်းစာမျက်နှာထက်က ဖောက်ကလန်စစ်ပွဲသတင်းများကို အာသာငမ်းငမ်းဖြင့် ဖတ်ရှုရသည်။

သို့ရာတွင် သတင်းဖြစ်၍ လတ်တလောအကြောင်းအရာများသာ ပါဝင်သည်။ နောက်ခံသမိုင်း အချက်အလက်များ၊ စစ်ဖြစ်ရသည့် အကြောင်းရင်းများကိုမူ ဂဃဏန မသိခဲ့ရပေ။ ထိုအာသာချင်ခြင်းတပ်မှုကို ဖြေဖျောက်ပေးနိုင်သည်က ထိုခေတ် လမ်းစဉ်ပါတီ ဗဟိုကော်မတီဌာနချုပ်က ထုတ်ဝေသော "နိုင်ငံတကာရေးရာ သတင်းစဉ်" ဖြစ်လေသည်။ တစ်လ တစ်ကြိမ်ထုတ်ဖြစ်သည်။ စာမျက်နှာ ၄၀ ကျော် ၅၀ နီးပါးရှိသည်။ နိုင်ငံရေး၊ ကမ္ဘာ့ပထဝီ၊ စီးပွားရေး၊ စစ်ရေး၊ အထွေထွေနှင့် တစ်လအတွင်း ကမ္ဘာ့သတင်းမှတ်တမ်းများဖြင့် ကဏ္ဍအလိုက် ဓာတ်ပုံများနှင့်တကွ ဝေဝေဆာဆာ တင်ဆက်ထားသည်။

### နိုင်ငံငယ်များအတွက် သင်ခန်းစာယူစရာ

၁၉၈၂ ခုနှစ် ဇူလိုင်လထုတ် နိုင်ငံတကာရေးရာသတင်းစဉ် နိုင်ငံရေးကဏ္ဍတွင် ဖောက်ကလန်စစ်ပွဲအကြောင်းပါလာသည်။ ဖောက်ကလန်စစ်ပွဲဟူသည် နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ သမိုင်းရန်ငြိုးကို အာဂျင်တီးနားနှင့် ဗြိတိန်နိုင်ငံတို့စစ်တိုက်ပြီး စာရင်းရှင်းကြခြင်းဖြစ်သည်။ ဖောက်ကလန်ကျွန်းစုသည် အတ္တလန္တိတ်သမုဒ္ဒရာ တောင်ပိုင်း၊ မက်ဂျယ်လန် ရေလက်ကြား၏ အရှေ့ဘက် မိုင် ၃၀၀ ခန့်တွင် တည်ရှိသည်။ ၁၈၃၃ ခုနှစ် ကတည်းက ဗြိတိသျှတို့က ဖောက်ကလန်ကျွန်းစုကို သိမ်းပိုက်ထားခဲ့ပြီး ဗြိတိသျှပိုင်နယ်မြေအဖြစ် နှစ် ၁၀၀ ကျော်မျှရှိခဲ့သည်ဟု ဆိုသည်။ အာဂျင်တီးနားနိုင်ငံကလည်း ခေတ်အဆက်ဆက် ၎င်းတို့ပိုင်နယ်မြေအဖြစ်ကြေညာကာ ပြန်လည်ရရှိရေး တောင်းဆိုခဲ့ကြသည်။ နှစ်ပေါင်း ၁၅၀ ခန့် နှစ်နိုင်ငံ အငြင်းပွားခဲ့ကြသည်။ ၁၉၈၂ ခုနှစ် ဧပြီ ၂ ရက်တွင် အာဂျင်တီးနားတပ်များက ဖောက်ကလန်ကျွန်းစုကိုတက်ရောက် သိမ်းပိုက်ခဲ့ရာမှ စစ်ပွဲစတင်ခဲ့ခြင်းဖြစ်သည်။ စစ်ပွဲမှာ ရက်သတ္တပတ် ခြောက်ပတ်ကြာမြင့်ခဲ့သည်။ ၁၄-၆-၁၉၈၂ ရက်တွင် ဖောက်ကလန်ကျွန်းစုတွင် တပ်စွဲထားသော အာဂျင်တီးနားစစ်သည် တစ်သောင်းကျော် လက်နက်ချခဲ့၍ စစ်ပွဲပြီးဆုံးသွားခဲ့လေသည်။ တကယ်တော့ ဇာတိပုညဂုဏ်မာနကြောင့်သာ နယ်မြေပိုင်ဆိုင်မှုကို တောင်းဆိုနေခြင်းဖြစ်သော်လည်း ဖောက်ကလန်ကျွန်းစုတွင် လူဦးရေ သောင်းဂဏန်းမျှပင်မရှိ။ ထောင်ဂဏန်းမျှသာ နေထိုင်သည်။ ဖောက်ကလန်စစ်ပွဲတွင် အမေရိကန်၏အခန်းကဏ္ဍနှင့်ပတ်သက်၍ ထူးခြားမှုများ ရှိခဲ့သည်။ စစ်ပွဲစချင်းကာလတွင် ဗြိတိန်နှင့် အာဂျင်တီးနား နှစ်နိုင်ငံစလုံးသည် အမေရိကန်၏ မဟာမိတ်များဖြစ်ခဲ့၍ အန်ကယ်ဆမ်မှာ ဗျာများခဲ့သည်။ သို့ရာတွင် စစ်ပွဲအရှိန်မြင့်တက်လာသည်နှင့်အမျှ အမေရိကန်သည် တောင်အမေရိကမှ မဟာမိတ် အာဂျင်တီးနားကို လက်တွဲဖြုတ်၍ နှစ်ရှည်ကာလ ရင်ဘတ်မိတ်ဆွေဖြစ်ခဲ့သူ ဗြိတိန်ကို ထောက်ခံပြီး အကူအညီအချို့ပေးခဲ့လေသည်။ နိုင်ငံငယ်များအတွက် သင်ခန်းစာယူစရာ တစ်ခုပါပေ။

ဂျာမန်စစ်ပါရဂူ ကလော့ဝစ်က "စစ်ရေးသည် နိုင်ငံရေး၏ အဆက်ဖြစ်သည်" ဟု ဆိုသည်။ တစ်ဖန် "စစ်ပွဲဟူသည် နိုင်ငံ၏ဝါဒကို တစ်နည်း တစ်ဘာသာအားဖြင့် ဆက်လက်အကောင်အထည်ဖော်ကျင့်သုံးခြင်းသာဖြစ်သည်"ဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုသည်။

**● ငယ်စဉ်ကမူ စစ်ပွဲအသံကြားလျှင် စိတ်ဝင်စားသည်။ စစ်ပွဲဆိုင်ရာ သတင်းများကို အာသာငမ်းငမ်းဖြင့် လေ့လာကြိုးကုတ်အားထုတ်ခဲ့သည်။ ယခုနောက်ပိုင်း အသက်အရွယ်ရလာတော့ စစ်ပွဲသတင်းများကို ကျွန်တော်မကြည့်လို၊ မမြင်လို၊ မကြားလိုတော့ချေ။ ယခုလတ်တလော ဖြစ်ပွားနေသော ရုရှား-ယူကရိန်း စစ်ပွဲကိုလည်း ငြိမ်းချမ်းစွာ အဖြေရှာကြစေလိုသည်။ ယခုနောက်ဆုံးရ သတင်းအရ နှစ်ဖက်ဆွေးနွေးပွဲစတင်ရန် ညှိနှိုင်းနေသည့် သတင်းကောင်းများ ကြားရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။**

*စာမျက်နှာ ၁၁ သို့*

# မြန်မာနိုင်ငံစာရင်းကောင်စီ၏ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်း အမှတ်စဉ်-၄၀ သင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် မတ် ၁

**မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးကျင်းပသည့် ဒီပလိုမာစာရင်းကိုင် (Diploma In Accounting- DA) (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ်- ၄၀ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင်းပသည်။** (ယာပုံ)



သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကံဇော်က အမှာစကားပြောကြားရာတွင် ယခုသင်တန်းကို နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်သည့် စာရင်းပညာကျွမ်းကျင်သူများ စဉ်ဆက်မပြတ်မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်း အနေဖြင့် စာရင်းပညာရပ်ဆိုင်ရာ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံတွင် စာရင်းအင်းအချက်အလက်မှန်ကန်မှု၊ စနစ်ကျနမှုတို့အတွက် အထောက်အပံ့ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ DA သင်တန်းသည် စာရင်းပညာရှင်အဆင့် (၂) သို့ တက်လှမ်းနိုင်သည့် သင်တန်းလည်းဖြစ်၍ အလေးအနက်ထားဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း၊ DA သင်တန်းများကို ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်းကောင်စီတွင် ၁၉၇၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်တွင် ၂၀၀၉-၂၀၁၀ မှစ၍ စတင်ဖွင့်လှစ်ခဲ့ကြောင်း။

ပညာရပ်များ၏ အစဉ်တိုးတက်ပြောင်းလဲနေသည့် အခြေအနေများကို လက်လှမ်းမီစေရန် သင်တန်းသားများအနေဖြင့် ထိုတိုးတက်ပြောင်းလဲမှုများနှင့်အညီ စဉ်ဆက်မပြတ် လေ့လာဆည်းပူးရန် လိုအပ်ပါကြောင်း၊ မိမိရွေးချယ်မှုအတွက် တတ်မြောက်ကျွမ်းကျင်ပြီး အရည်အချင်းပြည့်မီသည့် စာရင်းပညာရှင်များဖြစ်စေရန် အမြဲကြိုးစားလေ့လာကြရန်နှင့် သင်တန်းစည်းကမ်းများကို လိုက်နာပြီး နိုင်ငံတော်အတွက် အားကိုးရသည့် စာရင်းပညာကျွမ်းကျင်သူများ ဖြစ်လာစေရန် ကြိုးပမ်းကြစေလိုကြောင်း မှာကြားသည်။

ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းကို သင်တန်းခန်းတက်ရောက် (Face to Face)ပို့ချခြင်း ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံစာရင်းကောင်စီ (MAC)၊ ရန်ကုန်သင်တန်းကျောင်းမှ သင်တန်းသားများကို Online ဖြင့်လည်းကောင်း ယနေ့မှစ၍ ၁၀ လကြာ ပြန်လည်ဖွင့်လှစ်သင်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၉ မှ*

ဘာလို့လဲဆိုတော့ စာရေးသူပြောချင်တာကို သူ့ထက်ဘယ်သူကများ ပိုပြီးသိနိုင်မှာမို့လို့ပါလဲ။ ကျွန်တော်ရေးသားခဲ့တဲ့ သုံးသပ်ချက်တစ်ခုကို ကျွန်တော့်ကိုထိခိုက်စေဖို့အတွက် ကိုးကားထားပါတယ်။ အဲဒါက ကွန်ဗင်းရှင်း၏ Article IX နဲ့ဆက်စပ်ပါတယ်။ အဆိုပါ ဖော်ပြချက်က အနုညာတစီရင်ဆုံးဖြတ်မှုစာပိုဒ်ကို အခြေခံပြီး တရားရုံးရဲ့ စီရင်ပိုင်ခွင့်ကို သက်ရောက်မှုရှိသည့်အကြောင်း ဖြစ်ပါတယ်။ အဲဒီတုန်းက ကျွန်တော်ရေးခဲ့တဲ့စာသားတစ်ခုကို ကျွန်တော် ပြန်မပြောချင်ပါဘူး။ ယခုအမှုမှာ ခြွင်းချက်ပြုခြင်းကို ကျင့်သုံးမှုမရှိဘူးဆိုရင်၊ Article IX ရဲ့ ရှင်းလင်းတဲ့နယ်ပယ်အတွင်းမှာ လုံးဝရှိနေခဲ့မယ်ဆိုရင် ကျွန်တော့် သုံးသပ်ချက်မှာ ဖော်ပြခဲ့သလိုပဲ တရားရုံးက စီရင်ပိုင်ခွင့်ကို ချဲ့ထွင်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီနေရာမှာ Article VIII နဲ့ပတ်သက်ပြီး ကျွန်တော်မရေးခဲ့ပါဘူး။ မြန်မာနိုင်ငံရဲ့ ခြွင်းချက်ပြုတဲ့ကိစ္စ နည်းနည်းတောင်မှ မပါခဲ့ပါဘူး။ ဒီမေးခွန်းတွေဟာ ယခုကိစ္စနဲ့ မဆိုင်ပါဘူး။

၂၅။ ဂုဏ်သရေရှိ ပညာရှိလူကြီးမင်းများခင်ဗျား၊ လူကြီးမင်းတို့ အတွင်းမှာရှိတဲ့ ပညာရေးနယ်ပယ်မှ ပုဂ္ဂိုလ်များကတော့ ကျွန်တော့်ကို အလွယ်တကူနားလည်ပါလိမ့်မယ်။ ကျောင်းဆရာတစ်ဦး ဖြစ်ဖူးတဲ့ တရားသူကြီးမင်းများအတွက်လည်း ဒီလိုပဲ ဖြစ်မှာပါ။ ပညာရပ်ဆိုင်ရာ စာတမ်းတွေကို ကန့်သတ်ချက်တွေ မရှိတဲ့အခြေအနေကနေ စတင်ရပြီး ပုံသေစံနှုန်းများလည်း မရှိပါဘူး။ အမှန်တော့ တရားစွဲဆိုတဲ့ အခါ တစ်ဦးတစ်ယောက်ချင်းရဲ့ အခြေအနေ သို့မဟုတ် သီးခြားအခြေအနေအရ ချက်ချင်းချုပ်ကိုင်ခံရမှာ ဖြစ်ပါတယ်။ အဲဒီအခြေအနေတွေရဲ့ အတိမ်အနက်က ထိုသူအပေါ် သုံးသပ်ချိန်ဆသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆန့်ကျင်မှု သို့မဟုတ် နောက်ပြန်လှည့်မှု ဖြစ်စေမယ့်အရာ မတွေ့မိပါဘူး။ အကြောင်းအရာနဲ့ မူလအကျိုးအကြောင်းကလည်း ထပ်တူမကျပါဘူး။ ဒီအရာအားလုံးဟာ ကျွန်တော်တို့အားလုံးအတွက် အထူးအကြောင်း မဟုတ်ပါဘူး၊ ဒါကို ကျွန်တော် မတင်ပြလိုတော့ပါဘူး။ ဒါပေမယ့် ကျွန်တော်က တိတ်ဆိတ်နေမယ်ဆိုရင် အရှက်ရစေမှာကိုတော့ ကြောက်ပါတယ်။ ဒီလိုခံစားချက်ပျောက်ကွယ်သွားတာကိုတော့ ကျွန်တော် ကြိုက်ပါတယ်။

**နိဂုံး**

၂၆။ ကျွန်တော့်ရဲ့ လျှောက်လဲချက်နှစ်ခုကနေ တရားသူကြီးမင်းတို့ဘာကို အလေးဂရုပြုစေချင်တာလဲဆိုတော့ Article VIII နှင့် Article IX တို့အကြား ဆက်နွှယ်မှုကို ဓမ္မဓိဋ္ဌာန်ကျကျ မှန်ကန်စွာ အနက်ဖွင့်ဆိုခြင်းက ဘယ်လိုပဲရှိပါစေ မြန်မာနိုင်ငံ၏ ခြွင်းချက်ပြုခြင်းကို အသုံးဝင်ပြီး အကျိုးသက်ရောက်မှုရှိတဲ့ ရလဒ်ဖြစ်စေမယ့် ဆန်းစစ်ထားသော အဓိပ္ပာယ်ဖော်ပြချက်တစ်ခု ချမှတ်နိုင်မလားဆိုတာက တစ်ချက်ဖြစ်ပါတယ်။ နောက်တစ်ချက်က ကွန်ဗင်းရှင်းရဲ့ စာချုပ်ဝင်နိုင်ငံဖြစ်တဲ့အခါ ကွန်ဗင်းရှင်းမှာ ဂရုတစိုက်ပြုလုပ်ထားတဲ့ ခြွင်းချက်ပြုခြင်းကို လုံးဝပစ်ပယ်ဖို့ လူကြီးမင်းတို့ တရားရုံးက ကြိုးပမ်းဆောင်ရွက်မလားဆိုတာ ဖြစ်ပါတယ်။ ဒီလိုတင်ပြချက်ဟာ ကျွန်တော့်ကို မသက်မသာဖြစ်စေပါတယ်။ တရားရုံးအနေနဲ့ ဖော်ပြပါအချက်ကို ဂရုပြုသုံးသပ်မယ်ဆိုတာ ကျွန်တော်ပြောရပါတယ်။ ပြီးတော့ တရားသူကြီးမင်းများရဲ့ ဉာဏ်ပညာနဲ့ဆောင်ရွက်တဲ့ ရလဒ်အပေါ်မှာလည်း နည်းနည်းမှ စိုးရိမ်မှု မဖြစ်မိပါဘူး။

၂၇။ ဤတွေ့ရှိချက်များနဲ့ ကျွန်တော့်ရဲ့ ယနေ့လျှောက်လဲတင်ပြမှုကို အဆုံးသတ်လိုပါတယ်။ စိတ်ပါဝင်စားစွာ နားထောင်ပေးသည့်အတွက် တရားရုံးကို ကျေးဇူးတင်ရှိပါတယ်။ တရားရုံးတော်ဥက္ကဋ္ဌခင်ဗျား၊ မြန်မာနိုင်ငံ၏ ကိုယ်စားလှယ်အား နိဂုံးချုပ်စကား ပြောကြားဖို့ ဖိတ်ခေါ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

*************

---

*စာမျက်နှာ ၁၀ မှ*

မည်သို့ဆိုစေ စစ်ဖြစ်လျှင် စစ်၏ အနိဋ္ဌာရုံများသည် တွဲလျက်လိုက်ပါလာစမြဲဖြစ်သည်။ စစ်၏ဆိုးကျိုးများကို သက်ဆိုင်သူရော၊ မသက်ဆိုင်သူများပါ အားလုံးခံစားကြရပါမည်။ ခေါ်မသမိုင်းဆရာ ဟီရိုဒိုးတပ်စ်က “ငြိမ်းချမ်းနေစဉ်ကာလတွင် သားများက ဖခင်တို့ကို သင်္ဂြိုဟ်မြှုပ်နှံကြ၍ စစ်ဖြစ်သောအခါ လောကသဘာဝ ပြောင်းပြန်ဖြစ်သွားပြီး ဖခင်တို့က သူတို့၏သားများကို မြှုပ်နှံကြရလေသည်”ဟု ဆိုလေသည်။

ငယ်စဉ်ကမူ စစ်ပွဲအသံကြားလျှင် စိတ်ဝင်စားသည်။ စစ်ပွဲဆိုင်ရာ သတင်းများကို အာသာငမ်းငမ်းဖြင့် လေ့လာကြိုးကုတ်အားထုတ်ခဲ့သည်။ ယခုနောက်ပိုင်း အသက်အရွယ်ရလာတော့ စစ်ပွဲသတင်းများကို ကျွန်တော်မကြည့်လို၊ မမြင်လို၊ မကြားလိုတော့ချေ။ ယခုလတ်တလောဖြစ်ပွားနေသော ရုရှား-ယူကရိန်း စစ်ပွဲကိုလည်း ငြိမ်းချမ်းစွာ အဖြေရှာကြစေလိုသည်။ ယခုနောက်ဆုံးရ သတင်းအရ နှစ်ဖက် ဆွေးနွေးပွဲစတင်ရန် ညှိနှိုင်းနေသည့် သတင်းကောင်းများကြားရ၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရသည်။

ဗုဒ္ဓဘာသာဝင်တစ်ဦးအနေဖြင့် ဤကမ္ဘာနှင့် ပြည်မြန်မာငြိမ်းချမ်းသာယာဝပြောစေရေးအတွက် “တစ်ယောက်က တစ်ယောက်ကို အမျက်မထွက်ပါစေလင့်၊ တစ်စုံတစ်ခုသောအရာ၌ တစ်စုံတစ်ယောက်ကိုမျှ ချုပ်ချယ်ခြင်းဖြင့်လည်းကောင်း၊ ရန်လိုသော စိတ်ဖြင့်လည်းကောင်း၊ မထီမဲ့မြင်မပြုပါစေလင့်၊ အချင်းချင်း ဆင်းရဲမှုကို အလိုမရှိပါစေလင့်။ မိခင်သည် ရင်၌ဖြစ်သော တစ်ဦးတည်းသောသားကို အသက်ရှင်စေရန် အစဉ်စောင့်ရှောက်ဘိသကဲ့သို့ ဤအတူပင် သတ္တဝါခပ်သိမ်းတို့၌ အတိုင်းအရှည်မရှိသော မေတ္တာစိတ်ကို ပွားများရာ၏”ဟူသည့် မေတ္တသုတ်လာအတိုင်း မေတ္တာပို့သဆုတောင်းလိုက်ရပါဘိ။

ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့သည်လည်း

“နှစ်ရွာတစ်ရွာ၊ ဆက်ဆံရာ၊ မေတ္တာ လိုရင်းသုံး။
မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး။
အေးစေ မြဲစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရွာသုံး။
မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး။
မေတ္တာရနံ့၊ ကြိုင်လှိုင်နှံ့၊ သင်းပျံ့နယ်မဆုံး။
မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှုံး။
တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာ ရွှံမမုန်း။
တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း။
မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရွှင်လန်းစိတ်နှလုံး”

ဟူသည့် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး၏ လင်္ကာပါအတိုင်း လိုက်နာကျင့်သုံး နိုင်ကြပါစေသတည်း။ ။

---

## အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများ သီပေါ၌ ဆင့်ပွားသင်တန်းဖွင့်လှစ်

**သီပေါ မတ် ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပညာရေးဌာနကကြီးမှူး၍ ကျောင်းကျန်းမာရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးနှင့် ကျန်းမာရေး အဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်းများ ဆင့်ပွားသင်တန်းကို ယနေ့နံနက်ပိုင်းက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးထိန်လင်းက အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးအောင်က ကျောင်းကျန်းမာရေး လုပ်ငန်းနှင့် ကျန်းမာရေးအဆင့်မြင့်ကျောင်း ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး အခြေခံပညာကျောင်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကျန်းမာရေးမှူး ဦးနိုင်ဖြိုးဝေမြင့်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်အခြေခံပညာကျောင်းများအလိုက် ကျောင်းကျန်းမာရေး စံပြ ပထမဆုရရှိသည့် အမှတ် (၁) အထက ကျောင်းအုပ်ကြီး ဦးဝင်းဘိုအားလည်းကောင်း၊ ဒုတိယဆုရရှိသည့် အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ရွှေသီအားလည်းကောင်း၊ တတိယဆုရရှိသည့် အလက (ခွဲ) မူ (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန္တာအေးတို့အားလည်းကောင်း မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

---

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် မတ် ၁

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

**မိုး/ဇလ**

# ကျွန်းလှမြို့နယ် ဝေလမူကျေးရွာအတွင်းနှင့် ကျေးရွာအနီးတစ်ဝိုက်၌ ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၊ လက်နက်ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်၊ ကျွန်းလှမြို့နယ်တို့အတွင်းရှိ အချို့ကျေးရွာများ၌ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိခိုအောင်းလျက်ရှိပြီး ဒေသတွင်း ဆူပူအကြမ်းဖက်မှုများ ဖြစ်ပေါ်လာစေရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့် နေရာများအား မိုင်းထောင်၊ မိုင်းခွဲခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူလူထုနှင့် ခရီးသွားပြည်သူများအား အဓမ္မခြိမ်းခြောက် ဆက်ကြေးတောင်းခံခြင်း စသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်နေကြောင်း ရိုးသားစွာ နေထိုင်လုပ်ကိုင် စားသောက်လိုသည့် တာဝန်သိ ပြည်သူအချို့က သတင်းပေးပို့လာခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါမြို့နယ်များအတွင်း လိုအပ်သည့် လုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် ကျွန်းလှမြို့နယ် ဝေလမူကျေးရွာ၌ PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိနေကြောင်း ထပ်မံသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်နိုင်ရေး ကျေးရွာ၏ တောင်ဘက်မှ ချဉ်းကပ်ခဲ့ရာ ကျေးရွာတွင်း ရောက်ရှိခိုအောင်းနေသည့် အကြမ်းဖက်သမားများနှင့် အပြန်အလှန် ထိတွေ့မှုဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများသည် ကျေးရွာ၏ အနောက်မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာနေရာ အနီးတစ်ဝိုက်အား အသေးစိတ်စစ်ဆေးခဲ့ရာ လက်လုပ်သေနတ်မျိုးစုံ ခုနစ်လက်၊ လက်လုပ်စိန်ပြောင်း လေးလက်၊ အမ်-၂၂ ကျည် ၁၀၈ တောင့်၊ ၎င်းကျည်အိမ် နှစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ လက်လုပ်လက်ပစ်ဗုံး ၆၈ လုံး၊ လက်လုပ်မိုင်းမျိုးစုံ ၁၆ လုံးနှင့် မိုင်းနှင့် လက်လုပ်သေနတ် ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လမ်းလျှောက်စကားပြောစက် သုံးလုံး၊ KIA/PDF လက်မောင်းတံဆိပ်ပါ ပြောက်ကျား ယူနီဖောင်း သုံးထည်၊ PDF လက်မောင်းတံဆိပ်ပါ ယူနီဖောင်း တစ်စုံနှင့် ဆေးမျိုးစုံနှစ်ဖာတို့ကို သိမ်းဆည်းရမိခဲ့သည်။




ကျွန်းလှမြို့နယ် ဝေလမူကျေးရွာအတွင်းနှင့် ကျေးရွာအနီးတစ်ဝိုက်၌ ရောက်ရှိခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှု ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

အကြမ်းဖက်သမားများ အနေဖြင့် ယခုကဲ့သို့ စစ်ရေးနှင့် သက်ဆိုင်သည့် ပစ်မှတ်များ မဟုတ်သော ဘာသာရေး၊ ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် လူနေအိမ်များကို အကာအကွယ်ရယူ ပစ်ခတ်တိုက်ခိုက်ခြင်း၊ စခန်းချအခြေပြု အကာအကွယ်ယူတိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု ကျူးလွန်ရာရောက်ပြီး အဆိုပါ ရာဇဝတ်မှုများအတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ရာဇသတ်ကြီးနှင့် သက်ဆိုင်ရာ တည်ဆဲဥပဒေများဖြင့် ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများကို ပြည်သူလူထုတို့နှင့်အတူ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကျွန်းလှမြို့နယ် ဝေလမူကျေးရွာအတွင်းနှင့် ကျေးရွာအနီးတစ်ဝိုက်၌ ရောက်ရှိခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်မှ သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ၊ ဆေးမျိုးစုံတို့ကို တွေ့ရစဉ်။



ကျွန်းလှမြို့နယ် ဝေလမူကျေးရွာအတွင်းနှင့် ကျေးရွာအနီးတစ်ဝိုက်၌ ရောက်ရှိခိုအောင်းနေသည့် PDF အမည်ခံအကြမ်းဖက်သမားများနှင့် ထိတွေ့မှုဖြစ်စဉ်မှ သိမ်းဆည်းရမိသည့် KIA/PDF လက်မောင်းတံဆိပ်ပါ ပြောက်ကျားယူနီဖောင်းများအား တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများကို လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နေ ဝင်းအောင်သန်းသည် ၎င်းအသုံးပြုသည့် “Win Aung Than” Facebook အကောင့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်နေ ငုဝါလှိုင်သည် ၎င်းအသုံးပြုသည့် “Ngu Lay” Facebook အကောင့်တို့မှ အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေးအသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်များ နောက်ထပ် ဆွေးနွေးပွဲများလုပ်ဆောင်ရန် သဘောတူ

**ကီယက်ဗ် မတ် ၁**

ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့များ ပထမအကြိမ်ဆွေးနွေးပြီးနောက် နောက်ထပ်ဆွေးနွေးပွဲ ဆက်လက်လုပ်ဆောင်ရန် နှစ်ဖက်အဖွဲ့များက သဘောတူခဲ့ကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီက Facebook အသုံးပြုကာ မှတ်ချက်ပြုခဲ့သည်။

ရုရှားနှင့် ယူကရိန်းတို့သည် ပထမအကြိမ် ညှိနှိုင်းဆွေးနွေးမှုကို ဘယ်လာရုဇ်တွင် ပြုလုပ်ခဲ့သော်လည်း ဖြစ်ပေါ်နေသော အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်မည့် ရှင်းလင်းတိကျသောအဖြေ မရရှိခဲ့ကြပေ။

သို့သော်လည်း ပထမအကြိမ် ရုရှားနှင့် ယူကရိန်းဆွေးနွေးမှုသည် အပြုသဘောဆောင်သည့် လက္ခဏာများ ဖြစ်ထွန်းပေါ်ပေါက်ခဲ့သည်။ သို့သော်လည်း ညှိနှိုင်းဆွေးနွေးမှုလုပ်ငန်းစဉ်သည် ပိုပြီးရှုပ်ထွေးလာခဲ့သည်။

ဇီလန်စကီက နှစ်ဖက်ညှိနှိုင်းဆွေးနွေးမှုသည် ခက်ခဲမှုများရှိကြောင်း ဝန်ခံခဲ့သော်လည်း ယူကရိန်းကိုယ်စားလှယ်အဖွဲ့သည် ရုရှားဘက်မှ တိကျသည့် အပြုသဘောဆောင်မှုများ ရရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ပထမအကြိမ်ဆွေးနွေးမှုတွင် နှစ်ဖက်စလုံးက ဘုံသဘောတူညီချက် မရရှိခဲ့ပေ။ ယူကရိန်းက ချက်ချင်းအပစ်ရပ်စဲရန်နှင့် ရုရှားတပ်ဖွဲ့များကို ပြန်လည်ဆုတ်ခွာရန် တောင်းဆိုခဲ့သည်။

ဒုတိယအကျော့ ညှိနှိုင်းဆွေးနွေးမှုတွင် လုံလောက်သော လှုပ်ရှားဆောင်ရွက်မှုများရှိ မရှိ ရှင်းရှင်းလင်းလင်း မသိရသေးချေ။ တစ်ဖက်တွင် ညှိနှိုင်းဆွေးနွေးမှု လုပ်ဆောင်နေသော်လည်း ရုရှားတပ်ဖွဲ့များသည် ယူကရိန်းကို ဆက်လက်ထိုးစစ်ဆင်နွှဲလျက်ရှိသည်။ ၎င်းတို့သည် ယူကရိန်းမြို့တော် ကီယက်ဗ်နှင့် ဒုတိယအကြီးဆုံးမြို့တော် ခါကိဗ်ကို ဦးတည်တိုက်ခိုက်လျက်ရှိသည်။

**ကိုးကား-ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**




ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီ

## တတိယမြောက် ကိုဗစ်-၁၉ ကာကွယ်ဆေး နိုဗာဗက်ဇ်ကို နယူးဇီလန်နိုင်ငံ အတည်ပြု

**ဝယ်လင်တန် မတ် ၁**

နယူးဇီလန်နိုင်ငံသားများသည် မကြာမီအချိန်အတွင်း နိုဗာဗက်ဇ် ကိုဗစ် -၁၉ ကာကွယ်ဆေးကို နိုင်ငံအတွင်းတတိယမြောက်ကိုဗစ် -၁၉ ကာကွယ်ဆေးအဖြစ် သုံးစွဲခွင့်ရရှိတော့မည်ဖြစ်ကြောင်း အစိုးရက ဖေဖော်ဝါရီ ၂၈ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

နိုဗာဗက်ဇ်ကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့်အထက် နယူးဇီလန်နိုင်ငံသားများ သုံးစွဲခွင့်ရရှိတော့မည်ဟု ကိုဗစ် -၁၉ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ကင်က မတ် ၁ ရက်တွင် ပြောသည်။

နိုဗာဗက်ဇ်ကာကွယ်ဆေးမှာ ပရိုတင်းပေါ်တွင် အခြေခံထားသည့် ကိုဗစ် -၁၉ ကာကွယ်ဆေးဖြစ်ပြီး ဖိုက်ဇာကိုဗစ် -၁၉ ကာကွယ်ဆေးမှာမူ နယူးဇီလန်နိုင်ငံသားအများစု နှစ်ခြိုက်သည့် ကာကွယ်ဆေးဖြစ်သည်။ နယူးဇီလန်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးအများဆုံးထိုးပေးနိုင်သည့် နိုင်ငံဖြစ်ပြီး အသက် ၁၂ နှစ်အထက် လူဦးရေ ၉၅ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးထိုးပြီးဖြစ်သည်။ ယခုလအတွင်း နိုဗာဗက်ဇ်ကာကွယ်ဆေးများ နယူးဇီလန်နိုင်ငံသို့ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ကိုဗစ် - ၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေး

**နယူးဒေလီ မတ် ၁**

အိန္ဒိယနိုင်ငံ မြို့တော် နယူးဒေလီတွင် ဖေဖော်ဝါရီ ၂၈ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့ကြောင်း သိရသည်။

**ကူးစက်မှုလျော့ကျလာခဲ့**

ကိုဗစ် -၁၉ ကူးစက်မှုများ လျော့ကျလာသည့်အတွက် ယခုလို ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။ တိုင်းပြည်အတွင်း နောက်ထပ် ကူးစက်မှုများမှာ ဇန်နဝါရီလနှောင်းပိုင်းမှ စတင်ကာ သိသိသာသာ လျော့ကျလာခဲ့သည်။

**နှာခေါင်းစည်းတပ်စရာမလို**

ဖေဖော်ဝါရီ ၂၇ ရက်က နယူးဒေလီတွင် နေ့စဉ်ကူးစက်ခံရသူ ၄၈၄ ဦး တွေ့ရှိခဲ့သည်။ မြို့တော်အတွင်းရှိ စားသောက်ဆိုင်များမှာ ယခုအခါ လူဦးရေကန့်သတ်ချက်မရှိဘဲ ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ကိုယ်ပိုင်သီးသန့်ကားများပေါ်တွင် ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်စရာ မလိုတော့ချေ။

နှစ်နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ယခုလို ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။ ညဘက် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရ အမိန့်မှာလည်း ဖေဖော်ဝါရီ ၂၈ရက်တွင် အဆုံးသတ်သွားပြီဖြစ်သည်။

ဖေဖော်ဝါရီလအတွင်း အစိုးရသည် အိန္ဒိယနိုင်ငံသို့ ဆိုက်ရောက်လာသူများကို အသွားအလာ စောင့်ကြည့်ကန့်သတ်မှု ခုနစ်ရက် ပြုလုပ်ခြင်းကို ဖြေလျှော့ပေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**



စားသောက်ဆိုင်တွင် ဆိုင်ထိုင်စားသောက်နေကြသူများကို တွေ့ရစဉ်။

## မလေးရှားနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၃၁၀၀ ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မတ် ၁**

မလေးရှားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၈ ရက် ညပိုင်းက ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၂၃၁၀၀ ထပ်မံတွေ့ရှိခဲ့ပြီးနောက် စုစုပေါင်း ကူးစက်ခံရသူဦးရေမှာ ၃၄၄၂၇၃၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နောက်ထပ်ကူးစက်မှုများထဲတွင် ပြည်ပမှ ကူးစက်ခံလာရသူ ၂၉၈ ဦး နှင့် ဒေသတွင်းကူးစက်ခံရသူ ၂၂၈၀၂ ဦးရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။

ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး နောက်ထပ်သေဆုံးသူ ၇၅ ဦးတိုး လာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၃၂၇၄၉ ဦး ရှိလာသည်။ ပြန်လည်ကျန်းမာလာသူဦးရေမှာလည်း ၂၉၃၄၂ ဦး ထပ်တိုးလာခဲ့ပြီးနောက် စုစုပေါင်း ပြန်လည်ကျန်းမာလာသူဦးရေမှာ ၃၁၀၆၅၆၄ ဦး ရှိလာသည်။

ဖေဖော်ဝါရီ ၂၈ ရက် တစ်ရက်တည်းတွင်ပင် ကာကွယ်ဆေးအလုံးရေ ၁၁၅၂၀၂ ကို ထိုးပေးနိုင်ခဲ့ပြီး လူဦးရေ ၏ ၈၂ ဒသမ ၇ ရာခိုင်နှုန်းမှာ ကိုဗစ် -၁၉ ကာကွယ်ဆေး ပထမအကြိမ်ထိုးပြီးဖြစ်သည်။ ၇၈ ဒသမ ၉ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးပြီးသားဖြစ်ကာ တတိယအကြိမ်ကာကွယ်ဆေးထိုးပြီးသူ ၄၄ ဒသမ ၉ ရာခိုင် နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## စွမ်းအင်ထောက်ပံ့မှုကဏ္ဍ လှုပ်ခတ်မှုအတွက် အီးယူစွမ်းအင်ဝန်ကြီးများ ပြင်ဆင်

**ဘရပ်ဆဲလ် မတ် ၁**

ယူကရိန်းနိုင်ငံအပေါ် ရုရှား၏ စစ်ဆင်ရေးကြောင့် ဒေသတွင်းစွမ်းအင်ထောက်ပံ့မှုကဏ္ဍတွင် ခြိမ်းခြောက်မှုရှိလာမည်ကို ဥရောပမှ အရာရှိများက စိုးရိမ်နေကြသည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ ဆွေးနွေးမှု ပြုလုပ်ရန် အီးယူ (ဥရောပသမဂ္ဂ) မှ စွမ်းအင်ဝန်ကြီးများသည် ဖေဖော်ဝါရီ ၂၈ ရက်က ဘရပ်ဆဲလ်မြို့တွင် ဆွေးနွေးပွဲပြုလုပ်ကြသည်။

အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုများအပေါ် တုံ့ပြန်သည့်အနေဖြင့် စွမ်းအင်ထောက်ပံ့မှုကို ရုရှားက ဖြတ်တောက်နိုင်ခြေရှိမှုအပေါ်တွင် စိုးရိမ်နေကြသည်။

**အကြံပြု**

စွမ်းအင်ကဏ္ဍအတွက် အခြားသောနည်းလမ်းများရှာဖွေလိုကြသည်။ ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍသို့ လျင်မြန်စွာကူးပြောင်းရန်လည်း အကြံပြုကြသည်။ ယူကရိန်းနိုင်ငံရှိ ပြည်သူများလိုအပ်သည့် စွမ်းအင်ထောက်ပံ့မှုရရှိရန်လည်း ၎င်းတို့က လိုလားကြသည်။

**အင်န်အိတ်ချ်ကေ**

# ဆက်လက်စောင့်ကြည့်ရမည့် ရုရှား-ယူကရိန်း တွေ့ဆုံဆွေးနွေးပွဲ၏ ရလဒ်

ထွန်းကျော်

ရုရှားသမ္မတ ဗလာဒီမာပူတင်ရဲ့ နျူကလီးယားတပ်ဖွဲ့ကို ဖေဖော်ဝါရီ ၂၇ ရက်က တပ်လှန့်နှိုးဆော်ခဲ့တဲ့အပေါ် အမေရိကန်ပြည်ထောင်စုက အပြင်းအထန်ရှုတ်ချခဲ့ပြီး ယူကရိန်းကို စစ်ဆင်ရေး ဆင်နွှဲတဲ့နေရာမှာ သူ့ရဲ့ သမားရိုးကျ မြေပြင်တပ်ဖွဲ့ဟာ ထောက်ပံ့ပို့ဆောင်ရေးပြဿနာတွေနဲ့ ကြုံတွေ့ခဲ့တယ်လို့ ပြောကြားလိုက်ပါတယ်။

**စစ်အရှိန်ပို၍ ပြင်းထန်လာ**

ယူကရိန်းကို စွမ်းအားပြည့် စစ်ဆင်ရေး ဆင်နွှဲပြီး လေးရက်အကြာ ပူတင်ရဲ့ တပ်လှန့်ကြေညာချက်ကြောင့် စစ်အရှိန်ကို ကြောက်ဖွယ်လိလိ ပို၍ ပြင်းထန်လာစေခဲ့သလို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)နဲ့ အနောက်နိုင်ငံတွေရဲ့ ရန်လိုတဲ့ ဆောင်ရွက်ချက်ကို တုံ့ပြန်လုပ်ဆောင်လိုက်တာပဲ ဖြစ်တယ်လို့ ပြောကြားလိုက်ပါတယ်။

ယူကရိန်းကို စစ်ဆင်ရေးပြုလုပ်ခဲ့တဲ့အချိန်မှာပူတင်ရဲ့ နျူကလီးယားကြေညာချက်နဲ့ပတ်သက်ပြီး ဒါဟာ မလိုအပ်သေးတဲ့ ခြေလှမ်းတစ်ခုဖြစ်တယ်လို့ အမေရိကန်အရာရှိတစ်ဦးက ပြောကြားခဲ့ပါတယ်။ ရုရှားဟာ အနောက်နိုင်ငံတွေနဲ့ နေတိုးရဲ့ ခြိမ်းခြောက်မှုအောက်ကို ဘယ်တုန်းကမှ မရောက်ရှိခဲ့သလို ယူကရိန်းရဲ့ ခြိမ်းခြောက်မှုအောက်ကိုလည်း မရောက်ရှိခဲ့ပါဘူးလို့ အမေရိကန်အရာရှိက ဆက်လက်ပြောကြားပါတယ်။ တပ်ဖွဲ့ဝင်တွေကို လိုအပ်သလို စစ်ရေးဆိုင်ရာ ဗျူဟာကစားခြင်းအားဖြင့် စစ်ရေးအရှိန်ကို မြင့်လာစေခဲ့ပါတယ်။ အကယ်၍ တွက်ချက်မှုသာမှားခဲ့မယ်ဆိုရင် အခြေအနေကို ပိုပိုပြီးဆိုးရွားစေမှာဖြစ်သလို အန္တရာယ်လည်း ပိုပိုပြီး များလာမှာ ဖြစ်ပါတယ်။

**ရည်မှန်းချက်လွဲချော်သည်ဟုဆို**

ဒီအရေးနဲ့ ပတ်သက်ပြီးတော့ အမေရိကန်ဘက်က နျူကလီးယားတပ်ဖွဲ့ဝင်တွေကို တပ်လှန့်ထားခြင်းရှိ မရှိတော့ သူက မပြောခဲ့ပါဘူး။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်တဲ့ မိမိတို့ရဲ့စွမ်းပကားနဲ့ မိမိတို့ရဲ့ မဟာမိတ် စွမ်းပကားတွေကို အပြည့်အဝယုံကြည်တယ်လို့ အမေရိကန်ကာကွယ်ရေး အရာရှိတစ်ဦးက ပြောကြားခဲ့ပါတယ်။ ရုရှားဟာ အခုဆိုရင် ယူကရိန်းနယ်စပ်မှာ တပ်စွဲထားတဲ့ အမာခံတပ်ဖွဲ့ဝင် ၁၅၀၀၀၀ ရဲ့ သုံးပုံနှစ်ပုံလောက်ကို ဖြန့်ကြက်ထားပါတယ်။ သို့သော်လည်း ပင်တဂွန်က ရရှိထားတဲ့ သတင်း အချက်အလက်တွေအရ ရုရှားတပ်ဖွဲ့တွေဟာ ယူကရိန်းရှေ့တန်းကို မထိုးဖောက်ခင်မှာ သူတို့ကိုယ်တိုင်ချမှတ်ထားတဲ့ ရည်မှန်းချက်တွေနဲ့ လွဲချော်ခဲ့တယ်လို့ အမေရိကန်အရာရှိက ဆက်ပြောခဲ့ပါတယ်။



ဖေဖော်ဝါရီ ၂၈ ရက်က ဘီလာရုစ်၌ ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးစဉ်။

> **လောလောဆယ်မှာတော့ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြပြီး ချက်ချင်းအပစ်ရပ်စဲရေးနဲ့ ရုရှားရဲ့ တိုက်ခိုက်မှုတွေ ရပ်ဆိုင်းပြီး ရုရှားတပ်ဖွဲ့တွေ ချက်ချင်းဆုတ်ခွာဖို့ကို ယူကရိန်းဘက်က တောင်းဆိုခဲ့ပါတယ်**

**အစီအစဉ်ထက်နောက်ကျ**

ယူကရိန်းရဲ့ မြို့ကြီးနှစ်မြို့ဖြစ်တဲ့ ကီယက်ဗ်နဲ့ ခါကိဗ်ကို အလျင်အမြန်သိမ်းမယ်လို့ သူတို့တွက်ဆစီစဉ်ခဲ့သော်လည်း အခြေအနေတွေဟာ ထင်သလောက်မဖြစ်ခဲ့ဘဲ ကြန့်ကြာနေတာကို တွေ့နိုင်ပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲဆိုရင် ယူကရိန်းတပ်ဖွဲ့တွေရဲ့ ခုခံနိုင်စွမ်းကြောင့်လည်းဖြစ်သလို ရုရှားတပ်ဖွဲ့ဝင်တွေရဲ့ ထောက်ပံ့ပို့ဆောင်ရေးပြဿနာတွေကြောင့်လည်း ဖြစ်တယ်လို့ ပင်တဂွန်က ယုံကြည်ခဲ့ပါတယ်။ ခါကိဗ်ကို စစ်ချီတက်တဲ့အခါ ကြီးမားတဲ့အခက်အခဲတွေ ဖြစ်ခဲ့တယ်လို့ အမေရိကန်အရာရှိက ဆက်ပြောခဲ့ပါတယ်။ ကီယက်ဗ်ကိုလည်း အခုထိ မရသေးပါဘူး။ မြေပြင်အခြေအနေတွေကို သုံးသပ်ကြည့်ရင် သူတို့ဟာ သူတို့စီစဉ်ထားတဲ့အစီအစဉ်ထက် နောက်ကျနေတာကို တွေ့ရပါတယ်။ အစီအစဉ်တွေ လွဲချော်ခဲ့သလားဆိုတာ မသိပါဘူး။ ဒါမှမဟုတ်လည်း အကောင်အထည်ဖော်မှုတွေ မအောင်မြင်ခဲ့သလားဆိုတာ မသိပါဘူး။

ဒါပေမယ့်လည်း ရုရှားတပ်ဖွဲ့က အခြေအနေတွေကို လိုက်လျောညီထွေလုပ်နိုင်ပြီး နယ်စပ်မှာလည်း သူ့ရဲ့တပ်ဖွဲ့ သုံးပုံ တစ်ပုံလောက် ရှိနေပါသေးတယ်။ ဒါဟာ တကယ့်ကို တိုက်ခိုက်ရေးစွမ်းအားတွေ အတော်လေးကောင်းနေသေးတယ်ဆိုတာကို တွေ့ရတယ်လို့ သူက ဆက်ပြောပါတယ်။ ရုရှားတပ်ဖွဲ့ဟာ အလျင်အမြန်မသိမ်းယူနိုင်ခဲ့တဲ့မြို့တွေကို လက်နက်အပြည့်အစုံနဲ့ ဝိုင်းရံထားမယ်ဆိုရင် အထူးသဖြင့် ကီယက်ဗ်ရဲ့ အရှေ့မြောက်ပိုင်း ချာနီဟိုက်ဗ်ကို ဝိုင်းရံထားမယ်ဆိုရင် အရပ်သားအမြောက်အမြား အန္တရာယ်နဲ့ ရင်ဆိုင်ရနိုင်တဲ့ အခြေအနေရှိပါတယ်။

**ရုရှားရဲ့ဘဏ်စနစ်ကိုထိုးနှက်**

အခုဆိုရင် အမေရိကန်ပြည်ထောင်စုနဲ့ အနောက်မဟာမိတ်တွေက ရုရှားရဲ့ ဘဏ်စနစ်နဲ့ ငွေကြေးစနစ်တွေကို အကြီးအကျယ် ထိခိုက်ပျက်စီးအောင် လုပ်ဆောင်တော့မှာဖြစ်ပါတယ်။ ဒါဟာ ရုရှားက ယူကရိန်းကို စစ်ဆင်လို့ အနောက်အုပ်စုရဲ့ တုံ့ပြန်မှုလို့ ပြောနိုင်ပါတယ်။ ရုရှားနိုင်ငံရဲ့ အတိုင်းအတာနဲ့ နိုင်ငံတကာနဲ့ချီပြီး ဂုဏ်သတင်းကျော်ကြားသူတွေအပေါ် ဆန့်ကျင်ပြီး မခန့်မှန်းနိုင်တဲ့ အရေးယူဆောင်ရွက်မှုတွေ လုပ်ဆောင်တဲ့အခါ အမေရိကန်ပြည်ထောင်စုနှင့် အနောက်မဟာမိတ်တွေဟာ SWIFT (အပြည်ပြည်ဆိုင်ရာ ငွေပေးစနစ်)ကနေပြီး တချို့ဘဏ်တွေကို ရွေးချယ်ပိတ်ပင်သွားမှာဖြစ်ပြီး ကမ္ဘာကြီးနဲ့ အဆက်အသွယ် ဖြတ်တောက် ထားလိုက်မှာဖြစ်တယ်လို့ ဆိုပါတယ်။ SWIFT စနစ်ကို ပိတ်လိုက်ရင် ကမ္ဘာတစ်လွှားမှာရှိတဲ့ ငွေကြေးဈေးကွက်တွေနဲ့ အချိတ်အဆက် ပြတ်တောက်သွားမှာဖြစ်ပြီး ငွေကြေးလည်ပတ်မှု ယန္တရားကို အကြီးအကျယ် ထိခိုက်စေမှာ ဖြစ်ပါတယ်။

**ရုရှားဗဟိုဘဏ်ရဲ့ စွမ်းဆောင်ရည်ကို တုံ့ဆိုင်းသွားအောင် လုပ်ဆောင်**

သူတို့ဟာ ရုရှားဗဟိုဘဏ်ရဲ့ စွမ်းဆောင်ရည်ကို တုံ့ဆိုင်းသွားအောင် အဓိက ထိုးနှက်တိုက်ခိုက်ကြတော့မှာ ဖြစ်ပါတယ်။ ပြီးတော့လည်း ကမ္ဘာတစ်ဝန်းမှာ ဇိမ်ခံရွက်သင်္ဘောတွေ၊ ဂျက်လေယာဉ်တွေ၊ ထူးခြားဆန်းပြားတဲ့ ကားအကောင်းစားတွေ၊ ဇိမ်ခံအိမ်တွေကို ပိုင်ဆိုင်ထားကြတဲ့ ရုရှားသမ္မတနဲ့ နီးစပ်တဲ့အတွင်းပိုင်း အလွန့်အလွန် ချမ်းသာသူတွေကိုလည်း တားဆီးပိတ်ဆို့သွားမှာ ဖြစ်ပါတယ်။

**ထီးတည်းကျန်တဲ့အထိ**

ရုရှားဟာ သူအကြာကြီး လွှမ်းမိုးလာခဲ့တဲ့ ယူကရိန်း နေတိုးအဖွဲ့ထဲဝင်မှာကို မလိုလားတဲ့အတွက် ယူကရိန်းကို စစ်ရေးဆင်နွှဲပြီး ပြန်လည်ထိန်းသိမ်းတဲ့သဘော တွေ့ရပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက ရုရှားကို နိုင်ငံတကာ ငွေရေးကြေးရေးစနစ်နဲ့ သာမက စီးပွားရေးလောကကြီးနဲ့ပါ အဆက်အသွယ် ဖြတ်တောက်ပြီး ထီးတည်းကျန်တဲ့အထိ ဆက်လက်အရေးယူမှုတွေ လုပ်ဆောင်သွားမယ်လို့ ဆိုထားပါတယ်။ အဲဒီအခြေအနေမှာ ခရစ်တိုငွေကြေးစနစ်ဟာ ယူကရိန်း ပဋိပက္ခထဲကို ထိုးဖောက်ပြီး ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ သို့သော်လည်း SWIFT စနစ်လို လုံခြုံစိတ်ချရမှုနဲ့ မြန်ဆန်သွက်လက်မှုတွေ ရှိနိုင်ပါတော့မလားဆိုတာ စဉ်းစားစရာဖြစ်လာပါတယ်။ ယူကရိန်းနဲ့ ရုရှားတိုက်ခိုက်မှုဟာ အရေးကြီးတဲ့ အခြေအနေရောက်လာပြီလို့ ယူကရိန်းသမ္မတ ဗိုလိုဒီမာဇီလန်စကီက ဗြိတိန်ဝန်ကြီးချုပ်ဘောရစ်ဂျွန်ဆင်ကို ဖုန်းနဲ့ ပြောဆိုဆွေးနွေးခဲ့ပါတယ်။ ဂျွန်ဆင်ကလည်း သူတတ်နိုင်သလောက် ကူညီမယ်လို့ ပြောခဲ့ပါတယ်။

လောလောဆယ်မှာတော့ နှစ်ဖက်စလုံးက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ခဲ့ကြပြီး ချက်ချင်းအပစ်ရပ်စဲရေးနဲ့ ရုရှားရဲ့ တိုက်ခိုက်မှုတွေ ရပ်ဆိုင်းပြီး ရုရှားတပ်ဖွဲ့တွေ ချက်ချင်းဆုတ်ခွာဖို့ကို ယူကရိန်းဘက်က တောင်းဆိုခဲ့ပါတယ်။

ရုရှားကိုယ်စားလှယ်အဖွဲ့ကလည်း ယူကရိန်းရဲ့ ဒေသအချို့ကို တောင်းဆိုမယ်လို့ ယူဆရပါတယ်။ ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ရုရှားဘက်က သိုသိပ်လှပါတယ်။ ပထမအကြိမ် ဆွေးနွေးပွဲအပြီးမှာ နောက်ထပ်ဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်ဖို့ အလားအလာကောင်းတွေ တွေ့မြင်နေရပြီ ဖြစ်ပါတယ်။ နှစ်ဖက်အပြန်အလှန် ဆွေးနွေးနေတဲ့အချိန်မှာ အခြေအနေတွေ ဘယ်လိုဆက်ဖြစ်လာမလဲဆိုတာတော့ ဆက်လက်စောင့်ကြည့်သွားရဦးမှာ ဖြစ်ပါတယ်။ ။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

# ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတင်းအချက်အလက်နှင့် အသိပညာပေး

## မတ် ၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၄၆ ဦးတွေ့ရှိ

### ထပ်မံသေဆုံးသူ လေးဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၉၃၇၂ ရှိ

**(၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၂,၇၃၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ **ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၃၄၆) ဦး တွေ့ရှိ**ရပါသည်။ ထို့ကြောင့် 'ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁၀.၃၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၁၄၃,၅၆၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၉၀,၂၃၇) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၇၀၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၃၆,၄၇၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် **ထပ်မံသေဆုံးသူ (၄) ဦး** ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၃၇၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

(၁-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၄၈၉) ခု | (၃၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၃) ခု | (၃၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၅၃) ခု | (၁၅) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၆) ခု | (၆၈) ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၇၂၄) ခု | (၁၇၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၇၈) ခု | (၃၃၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၉၃၄) ခု | (၁,၃၇၅) ဦး |
| **စုစုပေါင်း** | (၂၂,၇၃၂) ခု | (၂,၃၄၆) ဦး |

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်)နှင့် ပတ်သက်၍ ရောဂါဖြစ်ပွားမှုများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်း၊ အသွားအလာကန့်သတ်၍ သီးသန့်ခွဲခြားထားရှိရာနေရာ (Quarantine Center) များ၊ ကုသရေးစင်တာ (Treatment Center) များနှင့် အောက်ဆီဂျင်အပါအဝင် ဆေးနှင့်ဆေးပစ္စည်းများ ကြိုတင်ပြင်ဆင်ခြင်း၊ နီးနွှယ်ဝန်ကြီးဌာနများ၊ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ အလှူရှင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ကာကွယ်ရေးအတွက် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန်ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနက အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်း နှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁ -၃ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၀၆၄၇၃၄၃ | ၅၃၅၀၀၂၆၂ | ၉၇၅၁၅၀ |
| ၂။ | အိန္ဒိယ | ၄၂၉၃၁၀၄၅ | ၄၂၃၂၄၅၅၀ | ၅၁၄၀၅၄ |
| ၃။ | ဘရာဇီး | ၂၈၇၈၇၆၂၀ | ၂၆၃၃၆၃၇၃ | ၆၄၉၄၄၃ |
| ၄။ | ပြင်သစ် | ၂၂၇၀၂၈၁၅ | ၂၀၉၀၁၂၇၂ | ၁၃၈၃၆၇ |
| ၅။ | ဗြိတိန် | ၁၈၈၈၆၇၀၁ | ၁၇၄၄၉၆၅၀ | ၁၆၁၃၆၁ |
| ၆။ | ရုရှား | ၁၆၄၉၅၃၆၉ | ၁၃၇၄၈၄၆၅ | ၃၅၂၄၄၆ |
| ၇။ | ဂျာမနီ | ၁၄၈၂၄၁၄၈ | ၁၁၂၃၉၆၀၀ | ၁၂၃၄၄၆ |
| ၈။ | တူရကီ | ၁၄၀၈၉၄၅၆ | ၁၃၃၆၆၁၈၄ | ၉၄၄၄၅ |
| ၉။ | အီတလီ | ၁၂၇၈၂၈၃၆ | ၁၁၅၂၈၁၃၅ | ၁၅၄၇၆၇ |
| ၁၀။ | စပိန် | ၁၀၉၇၇၅၂၄ | ၉၁၈၁၇၂၈ | ၉၉၄၁၀ |

## ၁-၃-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၅၅၈၉၁၇၆ | ၄၉၀၁၃၀၂ | ၁၄၈၆၆၀ |
| ဖိလစ်ပိုင် | ၃၆၆၃၀၅၉ | ၃၅၅၅၀၁၆ | ၅၆၄၅၁ |
| ဗီယက်နမ် | ၃၄၄၃၄၈၅ | ၂၄၃၈၉၅၁ | ၄၀၂၅၂ |
| မလေးရှား | ၃၄၄၂၇၃၆ | ၃၁၁၆၅၆၄ | ၃၂၇၄၉ |
| ထိုင်း | ၂၉၁၂၃၄၇ | ၂၆၇၃၆၄၆ | ၂၂၉၇၉ |
| စင်ကာပူ | ၇၂၄၄၂၄ | ၆၆၉၂၄၃ | ၁၀၁၉ |
| မြန်မာ | ၅၉၀၂၃၇ | ၅၃၆၄၇၇ | ၁၉၃၇၂ |
| လာအို | ၁၄၂၉၆၇ | ၁၄၀၆၇၉ | ၆၂၃ |
| ကမ္ဘောဒီးယား | ၁၃၀၅၈၉ | ၁၂၄၁၇၇ | ၃၀၃၂ |
| ဘရူနိုင်း | ၆၇၇၆၂ | ၃၆၂၁၃ | ၁၂၇ |



အပြင်ထွက်တိုင်း
ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို
စနစ်တကျ
မပျက်မကွက် တပ်ဆင်ပါ



တတ်နိုင်သမျှ
မိမိအိမ်တွင်သာ
နေပါ

❖*ကျောဖုံးမှ*
ငွေကျပ် သိန်း ၉၀၊ ပြောက်ကျား ဝတ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

တရားခံ **တင်မောင်ထွေး**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၁၄ ရက်တွင် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်၌ **ဇင်မျိုးသူ (ခ)ညိုချော** (၂၉) နှစ်ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာ၌ **အောင်သူ** (၃၃) နှစ်ကို လည်းကောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် ချမ်းအေးသာဇံမြို့နယ် ၂၇ x ၂၈ လမ်းကြား၌ **မေသန်း** (၅၄)နှစ်ကို လည်းကောင်း၊ ကျောက်ဆည်မြို့နယ် တောင်ဦးကျေးရွာ၌ **ချမ်းငြိမ်းအောင်** (၃၅) နှစ်ကို လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။

တရားခံ **တင်မောင်ထွေး**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၁၈ ရက်တွင် လုံခြုံရေးပူးပေါင်းအဖွဲ့သည် ဖမ်းဆီးရန်ကျန် **သူရ (နဂါးနီ)**ဦးစီး ကျောက်ဆည် PDF အကြမ်းဖက်အဖွဲ့မှ စခန်းချနေထိုင်ခဲ့သော မြစ်သားမြို့နယ် ဒရယ်ကောင်းကျေးရွာ ဝန်းကျင် တစ်ဝိုက်အား နယ်မြေရှင်းလင်းခဲ့ရာ အကြမ်းဖက်သမားများမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့ပြီး လူနေတဲများအတွင်းမှ လက်လုပ်မိုင်း အလုံး ၃၀ နှင့် ဖောက်ခွဲရေး ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၂၁ ရက်တွင် ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ အနီးတွင် လက်နက်/ခဲယမ်းများ သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ဟန်မြင့်မိုရ်ကျေးရွာ အနီး လှည်းလမ်းဘေးရှိ ချုံပုတ်အတွင်း၌ ဆာလာအိတ်များဖြင့် ထည့်သွင်း သိုဝှက်ထားသည့် KA-25 လေးလက်၊ ကျည်အိမ် ၁၂ ခု၊ ၇ ဒသမ ၆၂ ကျည် အတောင့် ၁၀၀၀၊ လက်ပစ်ဗုံး ၃၄ လုံး၊ လွယ်ကြိုးနှစ်ချောင်း၊ ယမ်းတောင့် ၁၁၂၅ ချောင်း၊ ဒီတိုနေတာ အချောင်း ၄၉၄၀ နှင့် TNT ယမ်းပြင်းမှုန့် တစ်အိတ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၂၂ ရက်တွင် ကျောက်ဆည်မြို့နယ် သံရွာကျေးရွာ၌ **ချစ်ပိုင်(၅၆)**နှစ်ကို ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ မြစ်သားမြို့နယ် ကျွဲဆွဲကျေးရွာအနီး ၎င်းပိုင်ဆိုင်သော ယာခင်းအတွင်းမှ လက်လုပ်ပစ္စတို ငါးလက်၊ လက်လုပ်ရှော့ခ်တိုက်ဗုံး လေးလုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**တင်မောင်ထွေး**၏ ထွက်ဆိုချက်အရ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပုသိမ်ကြီးမြို့နယ် ကျောက်မီးကျေးရွာ၌ **သိန်းလှိုင်ဝင်း**(၃၂)နှစ်ကို လည်းကောင်း၊ **သိန်းလှိုင်ဝင်း**၏ ထွက်ဆိုချက်အရ ပုသိမ်ကြီးမြို့နယ် ထုံးဘိုအုပ်စု၌ **ကျော်ဆန်း** (၃၉)နှစ်ကို ယမ်းကြိုး သုံးခွေ၊ ယမ်းပျော့ချောင်း ၅၇၀ နှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး **ကျော်ဆန်း**၏ ထွက်ဆိုချက်အရ ပုသိမ်ကြီးမြို့နယ် ကြူဝန်းကျေးရွာ၌ **ကျော်သူလင်း**(၃၂)နှစ်နှင့် အုန်းချောကျေးရွာ၌ **ခင်မျိုးစိန်** (၄၅)နှစ်တို့ကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံကျား ခုနစ်ဦး၊ မ သုံးဦး ပေါင်း ၁၀ တို့အား KA-25 လေးလက်၊လက်လုပ်ပစ္စတို ငါးလက်၊ လက်လုပ် ရှော့ခ်တိုက်ဗုံး လေးလုံး၊ ကျည်အိမ် ၁၂ ခု၊ ၇ ဒသမ ၆၂ ကျည် အတောင့် ၁၀၀၀၊ လက်ပစ်ဗုံး ၃၄ လုံး၊ လက်လုပ်မိုင်း ၃၄ လုံး၊ လွယ်ကြိုး နှစ်ချောင်း၊ ယမ်းတောင့် ၁၆၉၅ ချောင်း၊ ဒီတိုနေတာ အချောင်း ၄၉၄၀၊ ယမ်းကြိုး သုံးခွေ၊ TNT ယမ်းပြင်းမှုန့် တစ်အိတ်၊ ငွေကျပ်သိန်း ၉၀၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ LPDF အကြမ်းဖက်အဖွဲ့ကို ၂၀၂၁ ခုနှစ် ဇွန်လတွင် **အောင်ကိုကို** ဦးစီးစတင်ဖွဲ့စည်းခဲ့ပြီး အောက်တိုဘာလ၌ **အောင်ကိုကို** ဖမ်းဆီးခံရချိန်တွင် ဖမ်းဆီးရန်ကျန် **ဖက်တီး**က ဦးစီးဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် KDF အကြမ်းဖက်အဖွဲ့အမည်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး **တင်မောင်ထွေး**သည် KDF အကြမ်းဖက်အဖွဲ့၏ ဘဏ္ဍာရေးနှင့် ညှိနှိုင်းရေးတာဝန်ခံအဖြစ် ဆောင်ရွက်လျက်ခဲ့ကြောင်း ဖော်ထုတ် သိရှိရသည်။

## ကျောက်ဆည် PDF အကြမ်းဖက်အဖွဲ့ဝင်များနှင့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိမှုအခြေပြဇယား






၂၁-၂-၂၀၂၂ ရက်က ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာအနီး၌ သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

တရားခံ **တင်မောင်ထွေး**၏ ထွက်ဆိုချက်အရ KDF အကြမ်းဖက်အဖွဲ့ဝင်များအား KIA နှင့် TNLA သောင်းကျန်းသူအဖွဲ့အစည်းများထံတွင် အကြမ်းဖက် ဖောက်ခွဲရေးသင်တန်းများ စေလွှတ်တက်ရောက်စေခဲ့ကြောင်း၊ သင်တန်းဆင်းအဖွဲ့များက စဉ့်ကိုင်မြို့နယ် တဘက်ဆွဲကျေးရွာအနီးနှင့် သမန်းစာ သင်တန်းများ ပြန်လည်ပို့ချခဲ့ကျေးရွာအနီးတို့တွင် ဆင့်ပွား ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံ **တင်မောင်ထွေး**၏ ထွက်ဆိုချက်အရ ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ လူမှုကွန်ရက်မှ တစ်ဆင့် ပြည်တွင်း/ပြည်ပရှိ အစွန်းရောက် NLD ထောက်ခံသူများထံမှ ငွေကြေးကောက်ခံခဲ့ကြောင်း၊ ယင်းငွေများကို အကြမ်းဖက်သင်တန်း တက်ရောက်သူများအား ပေးအပ်ခြင်း၊ လက်နက်/ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခြင်းနှင့် ကိုယ်ရေးကိုယ်တာအတွက် သုံးစွဲခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သိမ်းဆည်းခံရသော ငွေကြေးများမှာ ထွက်ပြေးတိမ်းရှောင်စဉ် ကိုယ်ရေးကိုယ်တာ သုံးစွဲရန်အတွက် KDF အကြမ်းဖက်အဖွဲ့ဝင်များကို

*စာမျက်နှာ ၁၇ သို့*


၂၃-၅-၂၀၂၁ ရက်က စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ ဝန်ထမ်းကွက်သစ်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်အား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။


၅-၁၀-၂၀၂၁ ရက်က စဉ့်ကိုင်မြို့နယ် ရွာဘိုကျေးရွာ ရွာလယ် ဘုန်းကြီးကျောင်းအား လက်လုပ်ဗုံးဖြင့် ပစ်ခတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆပ်ပြာကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏အမျိုးသားအား သတ်ဖြတ်ကာ ဆရာ၊ ဆရာမများ၏ လစာငွေများအား လုယက်ယူဆောင်

**နေပြည်တော် မတ် ၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ဆပ်ပြာကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏အမျိုးသားအား သတ်ဖြတ်ကာ ဆရာ၊ ဆရာမများ၏ လစာငွေများအား လုယက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၄ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဆပ်ပြာကျင်းကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာ လှည်းလမ်းပေါ်၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့မှုကြောင့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ ဆပ်ပြာကျင်းကျေးရွာနေ ဦးရဲမင်းခေါင်(၄၁)နှစ် (ဘ) ဦးအောင်ငွေစိုးနှင့် ၎င်း၏ဇနီးဖြစ်သူ ဆပ်ပြာကျင်းအခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီးဖြစ်သူ ဒေါ်ဌေးငွေ(၄၈)နှစ် (ဘ) ဦးမြသောင်းတို့နှစ်ဦးသည် ဆပ်ပြာကျင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ဆရာ၊ ဆရာမများ၏ လစာငွေများ ထုတ်ယူပြီး မြင်းမူမြို့မှ ဆပ်ပြာကျင်းကျေးရွာသို့ ဆိုင်ကယ်ဖြင့် ပြန်လည်ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ဆရာမကြီးအား "CDM မလုပ်သည့်အတွက်ကြောင့်"ဟု ခြိမ်းခြောက်ပြောဆိုကာ သေနတ်များဖြင့် ဝိုင်းဝန်းပစ်ခတ်ခဲ့သဖြင့် ဦးရဲမင်းခေါင်တွင် ဝဲနားနောက် ကျည်ဖောက်ဝင်ဒဏ်ရာ နှစ်ချက်၊ နောက်စေ့ ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်၊ ခါးဝဲဘက်ထိုးသွင်းဒဏ်ရာ တစ်ချက်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဌေးငွေတွင် ဝဲနား ကျည်ဖောက်ဝင်ဒဏ်ရာ တစ်ချက်တို့ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အကြမ်းဖက်သမားများက ၎င်းတို့ နှစ်ဦးထံမှ ဆရာ၊ ဆရာမများ၏ လစာငွေကျပ် ၇၉၉၅၀၀ နှင့် ငွေစုငွေချေး ချေးငွေကျပ် သိန်း ၂၀ တို့ကို ယူဆောင်ထွက်ပြေးသွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုကဲ့သို့ ဆရာ၊ ဆရာမများအား အကြမ်းဖက်ခြိမ်းခြောက်ခြင်းနှင့် ရက်စက်စွာ သတ်ဖြတ်မှုများ ကျူးလွန်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



၁၃-၂-၂၀၂၂ ရက်က တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁၂) ၌ တရားခံနှင့်အတူ သိမ်းဆည်းရမိသည့်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။



၂၂-၂-၂၀၂၂ ရက်က မြစ်သားမြို့နယ် ကျွဲဆွဲကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် ချစ်ပိုင်အား လက်လုပ်သေနတ်နှင့် လက်လုပ်ရှော့တိုက်ဗုံးများ သိမ်းဆည်းရမိသည့် မှတ်တမ်းဓာတ်ပုံ။



၂၅-၂-၂၀၂၂ ရက်က ပုသိမ်ကြီးမြို့နယ် ထုံးဘိုကျေးရွာတွင် သိမ်းဆည်းရမိသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၆ မှ*

ပေးအပ်ခြင်းမပြုဘဲ ယူဆောင်လာခဲ့သော ကောက်ခံရရှိငွေများဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ သိမ်းဆည်းရမိ လက်နက်/ ခဲယမ်းများအား ၂၀၂၁ ခုနှစ် ဒီဇင်ဘာလခန့်တွင် ဖမ်းဆီးရန်ကျန် CRPH အမည်ခံ အကြမ်းဖက်အဖွဲ့မှ မြင်းခြံမြို့နယ် NLD ပါတီဝင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဟောင်း **အောင်မျိုးလတ်**၏ ချိတ်ဆက်ပေးမှုဖြင့် **တင်မောင်ထွေး၊ မြင့်ဆွေ**နှင့် ဆံရှည်တို့ သုံးဦးသည် ကျောက်မဲမြို့နယ် နမ့်ခုန်ကျေးရွာရှိ **မျိုးညွန့်**ထံမှ သွားရောက် ယူဆောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် **ဇင်မျိုးသူ**က လက်နက်/ ခဲယမ်းများအား ပို့ဆောင်ပေးခဲ့ပြီး **ချစ်ပိုင်** နှင့် **အောင်သူ**တို့သည် ကျောက်ဆည်မြို့ ဟန်မြင့်မိုရ် ကျေးရွာအနီးတွင် သိမ်းဆည်းပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **တင်မောင်ထွေး** သည် သိမ်းဆည်းရမိ ဖောက်ခွဲရေးပစ္စည်းများအား ပုသိမ်ကြီးမြို့နယ်နေ **ခင်မျိုးစိန်**ထံမှ **ကျော်သူလင်း** ကို ဝယ်ယူခိုင်းခဲ့ကြောင်းနှင့် ဖောက်ခွဲရေးပစ္စည်းများအား **ကျော်ဆန်း**၏ နေအိမ်၌ ခေတ္တသိမ်းဆည်းကာ **သိန်းလှိုင်ဝင်း** ကို ကျောက်ဆည်မြို့ ဟန်မြင့်မိုရ်ကျေးရွာနေ **အောင်သူ**ထံ ပို့ဆောင်ခိုင်းခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ **မေသန်း**သည် ကျောက်ဆည်ခရိုင်အတွင်း နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်စေရန်အတွက် နိုင်ငံ့ဝန်ထမ်းများအား လုပ်ကြံသတ်ဖြတ်ရန် **တင်မောင်ထွေး**နှင့် တိုင်ပင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ KDF အကြမ်းဖက်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးရေးနှင့် လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့မှုအနေဖြင့်

- ၂၀၂၁ ခုနှစ် မေ ၂၃ ရက်တွင် **အောင်ကိုကို** သည် စဥ့်ကိုင်မြို့နယ် ပလိပ်မြို့ဝန်ထမ်း ကွက်သစ်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦး၏ နေအိမ်ကို လက်လုပ်ဗုံးဖြင့် လည်းကောင်း၊
- အောက်တိုဘာ ၅ ရက်တွင် **အောင်ကိုကို**သည် စဥ့်ကိုင်မြို့နယ် ရွာဘို ကျေးရွာ ရွာလယ်ဘုန်းကြီးကျောင်းအား လက်လုပ်ဗုံးဖြင့် လည်းကောင်း ပစ်ခတ်ခဲ့ကြောင်း၊
- အောက်တိုဘာ ၂၈ ရက်တွင် **အောင်ကိုကို** သည် စဥ့်ကိုင်မြို့နယ် ပလိပ်မြို့ဝန်ထမ်း ကွက်သစ်ရပ်ကွက်နေ အပြစ်မဲ့ပြည်သူတစ်ဦးကို လက်နက်ငယ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါ KDF အကြမ်းဖက်အဖွဲ့အနေဖြင့် နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်နှင့် အပြစ်မဲ့ပြည်သူများ ထိတ်လန့်မှု ဖြစ်စေရန်အတွက် အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် **လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်နှင့် အကြမ်းဖက်ဖောက်ခွဲမှု နှစ်ကြိမ်** တို့ကို ကျူးလွန်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှု ဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည် ဖြစ်ကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာက အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"သထုံမြို့မဈေးအတွင်း PDF အမည်ခံ အကြမ်းဖက်သမားများက လက်လုပ်ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲမှုကြောင့် ဈေးရောင်း/ ဈေးဝယ်ပြုလုပ်နေကြသည့် အပြစ်မဲ့ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဈေးဆိုင်ခန်းအများအပြား ပျက်စီးဆုံးရှုံးခဲ့မှု"** ခေါင်းစဉ်ဖြင့် မတ် ၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"CDM ရန်ပုံငွေ အရှုပ်တော်ပုံ သို့မဟုတ် အ သူခံ လည် သူစား"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့တွင် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဆက်လက်ထိုးနှံ

**ကော့သောင်း မတ် ၁–** တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် ဌာနဆိုင်ရာနိုင်ငံ့ဝန်ထမ်းများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို တတိယအကြိမ်အဖြစ် ထပ်ဆောင်းဆက်လက်ထိုးနှံပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၈ ရက်က ဆေးထိုးစုရပ်ဖြစ်သည့် ကော့သောင်းမြို့ မဇ္ဈိမသကပြည်သူ့ခန်းမ၌ ထိုးနှံပေးလျက်ရှိသည်။ အဆိုပါကာကွယ်ဆေးကို တတိယအကြိမ် ထပ်ဆောင်းထိုးနှံရာတွင် လွန်ခဲ့သည့် ခြောက်လအတွင်းက အိန္ဒိယနိုင်ငံထုတ် ကိုဗစ်ရှီးဆေးအမျိုးအစား နှစ်ကြိမ်ထိုးနှံပြီးထားသူများကို ထပ်မံ၍ ကိုဗစ်စင်ဆေးကို ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရ ကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်ရှိ မန်ကျည်းတန်းကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ အလယ်ကျွန်း ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဓမ္မဓနီ စာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် မောင်တောမြို့နယ်ရှိ ပဲရုံကျောင်းတိုက်နှင့် ဘူးသီးတောင်မြို့နယ်ရှိ အလိုတော်ပြည့်ကျောင်းတိုက်တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ နာဂလိုဏ်ဂူ၊ ကလေးဝတောရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## တာချီလိတ်မြို့၌ အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်လှူဒါန်း

**တာချီလိတ် မတ် ၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် Quarantine ဝင်ရောက်နေသူများအတွက် အခြေခံစားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းက စံလင်းဖြိုး Quarantine Center တွင် ကျင်းပကြောင်း သိရသည်။

ထိုသို့လှူဒါန်းခြင်းကို တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက်နေ ဒေါ်နန်းကောင်ကျောက် (မိုးမြတ်ကြယ် ကုမ္ပဏီ)မိသားစုမှ ငွေကျပ် ၂၅ သိန်းခန့်တန်ဖိုးရှိ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ခေါက်ဆွဲ၊ ကြက်ဥ၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစသည်တို့ကို ပေးအပ်လှူဒါန်းရာ Quarantine Center တာဝန်ခံ ဦးဘိုစံက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ယာဆေး(ပြန်/ဆက်)

## ကရင်ပြည်နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့သော ဆရာ ဆရာမ ၂၆၅ ဦး အလုပ်ပြန်လည်ဝင်ရောက်

**ဘားအံ မတ် ၁**

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့ကြပြီး အလုပ်ပြန်လည်ဝင်ရောက်လာသော ပညာရေးဝန်ထမ်းများအား မတ် ၁ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ တွေ့ဆုံ၍ သြဝါဒစကားပြောကြားသည်။



ပြည်နယ် ဝန်ကြီးချုပ်က ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဖြစ်ပြီး အစိုးရက ပေးအပ်သည့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခွင့်မဲ့ပျက်ကွက်ခဲ့ကြသည့် ဝန်ထမ်းများအား ပြည်နယ်အတွင်း လူသားအရင်းအမြစ်များ မဆုံးရှုံးစေရေးအတွက် ထုတ်ပယ်ခြင်း ခံရသူများမှ အယူခံတင်ပြမှုအပေါ် ရာထူးတိုး နှစ်နှစ်ဆိုင်းငံ့သည့် ပြစ်ဒဏ်ကိုသာ ချမှတ်၍ ဆက်လက် တာဝန်ထမ်းဆောင်စေခဲ့ကြောင်း၊ ယနေ့အခမ်းအနားတွင် အလုပ်ပြန်လည်ဝင်ခွင့်ရရှိသူများမှာ သင်ကြားရေးဝန်ထမ်း အထက်တန်းပြ ၃၀၊ အလယ်တန်းပြ ၇၈ ဦး၊ မူလတန်းပြ ၁၂၈ ဦး၊ ရုံးဝန်ထမ်း ၁၃ ဦး စုစုပေါင်း ၂၆၅ ဦး ဖြစ်ကြောင်း၊ သွေးထိုးလှုံ့ဆော်မှုများကို နားမယောင်ဘဲ အစဉ်လေ့လာ သင်ယူနိုင်သော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ကြိုးစားဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ်က အလုပ်ပြန်လည်ဝင်ရောက်လာသော ပညာရေးဝန်ထမ်းများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် အလုပ်ပြန်လည် ဝင်ရောက်လာသော ဆရာ ဆရာမများအား တစ်ဦးချင်း ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း
(ပြန်/ဆက်)

## နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ခေတ်မီမော်တာအထည်ချုပ်သင်တန်းဖွင့်

**ရန်ကုန် မတ် ၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် နယ်စပ်ဒေသများမှ တိုင်းရင်းသူများအတွက် အလုပ်အကိုင် အခွင့်အလမ်းရရှိရေး ခေတ်မီမော်တာ အထည်ချုပ်သင်တန်း အမှတ်စဉ် (၂၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် သင်တန်းခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး တက်ရောက်၍ သင်တန်းဖွင့်ပွဲ အမှာစကား ပြောကြားသည်။





နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း ကျောင်းများမှ တိုင်းရင်းသူ အမျိုးသမီးငယ်များအား လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်ရည်ရွယ်ပြီး အဆိုပါသင်တန်းကို ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ကုသရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၁၃၅ ဦး တက်ရောက်မည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ တရားစွဲဆိုခံရသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် စီရင်ချက် အမိန့်ချမှတ်

**နေပြည်တော် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့၏ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်အပေါ် အဂတိလိုက်စားမှု ကျူးလွန်ကြောင်း တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးဟောင်း ဒေါ်နီလာကျော်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ် Quality Controller Company ရွေးချယ်ရေးအဖွဲ့၌ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ၎င်း၏ လုပ်ပိုင်ခွင့်ကို အသုံးချ၍ ၎င်းနှင့် ခင်မင်ရင်းနှီးသည့် ကုမ္ပဏီကို Quality Controller Company အဖြစ် အသိအမှတ်ပြုလွှာ ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးရေး လုပ်ငန်း ဆောင်ရွက်နိုင်ရန် လုပ်ငန်းချထားပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ၂၀၁၇ ခုနှစ် မတ်လမှ ၂၀၂၀ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်း လုပ်ငန်းစုစုပေါင်း ၁၅၇၇ ခုမှ အရည်အသွေးစစ်ဆေးခအဖြစ် ဝင်ငွေ ငွေကျပ်သိန်း ၁၆၆၀၀ ကျော်ကို ရရှိစေခဲ့ပြီး ၎င်းကုမ္ပဏီထံမှ ငွေကျပ် ၉၁၈ ဒသမ ၂၄ သိန်းကို ၎င်းကိုယ်တိုင် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ် ၅၉၅ ဒသမ ၃၆ သိန်းကို ၎င်း၏အိမ်အကူမှတစ်ဆင့် လက်ခံရယူခဲ့ခြင်း၊ ငွေကျပ်သိန်း ၂၁၃၀ ကို ၎င်းကိုယ်စား ပုဂ္ဂိုလ်တစ်ဦးထံသို့ သွားရောက်အကြွေးဆပ်စေခြင်းဖြင့် စုစုပေါင်းငွေကျပ် ၃၆၄၃ ဒသမ ၆၀ သိန်းကို လက်ခံရယူခဲ့ခြင်းတို့ကြောင့် ဝန်ကြီးဟောင်း ဒေါ်နီလာကျော် အပေါ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တွင် ၂၀၂၀ ခုနှစ် မေ ၇ ရက်၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှု အမှတ် ၈/၂၀၂၀ မှ ၂၃/၂၀၂၀ အထိ အမှု ၁၆ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

ထိုအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် ဝန်ကြီးဟောင်း ဒေါ်နီလာကျော်ကို ရာဇဝတ်ကြီးမှုအမှတ် ၈/၂၀၂၀ မှ ၁၀/၂၀၂၀ အထိ ၃ မှုအတွက် တစ်ပေါင်းတည်း အလုပ်နှင့် ထောင်ဒဏ် ၄ နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၁/၂၀၂၀ မှ ၁၃/၂၀၂၀ အထိ ၃ မှုအတွက် တစ်ပေါင်းတည်း အလုပ်နှင့်ထောင်ဒဏ် ၄ နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၄/၂၀၂၀ မှ ၁၉/၂၀၂၀ အထိ ၆ မှုအတွက် တစ်ပေါင်းတည်း အလုပ်နှင့် ထောင်ဒဏ် ၄ နှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၂၀/၂၀၂၀ မှ ၂၃/၂၀၂၀ အထိ ၄ မှုအတွက် တစ်ပေါင်းတည်း အလုပ်နှင့်ထောင်ဒဏ် ၄ နှစ် စုစုပေါင်း အမှု ၁၆ မှု အတွက် အလုပ်နှင့်ထောင်ဒဏ် ၁၆ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ရန်ကုန်မြို့ရှိ ကိုဗစ် - ၁၉ ကုသရေးစင်တာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ ကုသရေးစင်တာများ၏ ပြင်ဆင်ဆောင်ရွက် ပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ်ရှိ အောင်မြင့်မိုရ်ကုသရေးစင်တာသို့ ရောက်ရှိရာ စင်တာတာဝန်ခံက လူဦးရေ ၁၀၀၀ အတွက် ပြင်ဆင်ထားပြီး လက်ရှိ ၂၉၀ ဆေးကုသခံယူနေမှု၊ စင်တာအတွက် လိုအပ်သော ဆေးဝါးများနှင့် အထောက်အကူပြုပစ္စည်းများ၊ တာဝန်ထမ်းဆောင်နေသော ဆရာဝန်၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စင်တာအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်ရှိ ရိုးမရိပ်သာ ကုသရေးစင်တာတွင် လူဦးရေ ၁၀၀၀ ထားရှိနိုင်ရန် ပြင်ဆင်ဆောင်ရွက် ထားရှိမှုနှင့် လက်ရှိလူနာ ၂၉၃ ဦး ဆေးကုသခံယူနေမှု၊ ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူ ၁၀၈၀ ထားရှိနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားမှုနှင့် လက်ရှိ ၇၀၃ ဦး Quarantine ဝင်ရောက်နေမှု၊ ရန်ကင်းမြို့နယ် ရန်ကင်းစင်တာတွင် လူဦးရေ ၂၀၀၊ မရမ်းကုန်းမြို့နယ် အင်းယားစင်တာတွင် လူဦးရေ ၅၀၀ အပါအဝင် အောင်မြင့်မိုရ်နှင့် ရိုးမရိပ်သာ ကိုဗစ်-၁၉ ကုသရေးစင်တာများတွင် ပြင်ဆင်ပြီးစီးမှု၊ အောက်ဆီဂျင်ပိုက်လိုင်း သွယ်တန်းတပ်ဆင်ပြီးစီးမှုများနှင့် Oxygen Concentrator များ အရန်သင့်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က စင်တာအတွက် လိုအပ်နေသော ဆေးဝါးများနှင့် အထောက်အကူပြု ပစ္စည်းများ၊ တာဝန်ထမ်းဆောင်မည့် ဆရာဝန်၊ သူနာပြုများနှင့် စေတနာ့ဝန်ထမ်းများအတွက် ကာကွယ်ရေးပစ္စည်းများ ဖြည့်ဆည်းပံ့ပိုးပေးမည့် အစီအစဉ်များနှင့် လီတာ ၄၀ ဆလင်ဒါအိုးများကို အောက်ဆီဂျင် ဖြည့်သွင်းထားရှိရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁-၃-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၉၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၃၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၁၉၃၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၆၉၀/၁၇၃၅ ကျပ် | ၁၇၄၅/၁၇၆၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၇၀၀/၁၇၅၅ ကျပ် | ၁၇၆၅/၁၇၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၆၈၀/၁၇၆၀ ကျပ် | ၁၇၉၀/၁၈၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၇၆၀/၁၈၂၅ ကျပ် | ၁၉၀၀/၁၉၂၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၈ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၅ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၃ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄. ၆၁၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၆ . ၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၄ . ၀၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၁ . ၆၃ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၀၃ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၉၀၀ | ၈၁၀၀ | ၁၄၃၁ | ၁၁၅၈၀၇၀၀ |
| MTSH | ၃၀၀၀ | ၂၉၅၀ | ၄၇၀၆ | ၁၄၀၆၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၇၀ | ၁၃၃၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၀၀ | ၁၆၇ | ၄၃၄၂၅၀ |
| EFR | ၂၈၀၀ | ၂၈၀၀ | ၂၀ | ၅၆၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၃၅ | ၁၇၅၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၂၄၊ ၀၁- ၅၉၉၁၁၈၊ Fax ၀၁-၅၄၆၂၃၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂-၃-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ တော‌ဇ္ဈင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၂၅ တောင်သူလယ်သမားနေ့ဂုဏ်ပြုဇာတ်လမ်း 'ချစ်ကြသည်ဆိုရာဝယ်'
- ၁၁:၀၀ တောင်သူလယ်သမားနေ့ဂုဏ်ပြုတေး
- ၁၃:၃၅ MRTV National News
- ၁၃:၄၀ 'ဟားစတိုင်ရဲ့ပျော်စရာအငြိမ့်'
- ၁၆:၃၅ အသိပညာနှင့်အမှန်တရား 'ပညာရှိကိုဆည်းကပ်ခြင်းသည် မင်္ဂလာမည်၏'
- ၁၇:၃၀ MRTV Travelogue
- ၁၇:၂၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ)(အပိုင်း-၂)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင် ရင်ဆိုင်ချီတက်' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ မျိုးစေ့ပြပွဲ ၂၀၂၂
- ၂၁:၂၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အဝေးဆုံးသောနေရာ' (အပိုင်း-၄၂)

**mitv**

- 07:01 Evergreen Classic: Myat Hsu Mon (Hnin Yee Thant, Hnin Hnin Htoo, Shwe Yee Win, Sein Lei Lei, Nan Sandy)
- 07:05 Myanmar Traditional Instruments (MYANMA DRUM)
- 07:30 A Day in the Life of Pa-O Family
- 07:36 Chef Life: Ce'dric Davoine (French Chef)
- 08:01 The Rising Glory Of Myanmar Arts
- 08:30 Ecotourism: The Tourist Attractions of Mingun, Sagaing
- 08:53 Porcelain and Glass
- 09:01 News
- 09:24 Global Partnership for Brighter Future: Iraq Pavilion at Expo 2020 Dubai
- 09:34 Life of A Farmer
- 10:02 Myanmar Traditional Bullock-Cart & Equestrian Racing

**MRTV NRC**

- စကောကရင် (၀၆:၀၀ မှ ၀၇:၀၀) အိမ်နောက်ဖေးဈေးဆိုင်တည်ခြင်း
- အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
- အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀) ရာသီပန်းကလေးပွင့်လန်းလို့မွှေး
- ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀) ပြောင်းဖူးခြောက်ပြုတ်နည်း
- ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀) တောင်ယာခုတ်ရန် ဆုတောင်းခြင်း
- မွန် (၁၁:၀၀ မှ ၁၂:၀၀) ကတိုးကော့နတ်ရွာကဦးနာအောက်ဘုရား
- ရခိုင် (၁၂:၀၀ မှ ၁၃:၀၀) မြန်မာပြည်တစ်လွှားလျှာထိအာထိ ရခိုင်ဟင်းလျာများ(အပိုင်း-၁)
- ရှမ်း (၁၃:၀၀ မှ ၁၇:၀၀) ပင်လောင်းရှမ်းစတူ
- ဝ (၁၇:၀၀ မှ ၁၉:၀၀) မြင်းခွာရွက်နှင့်ကျန်းမာရေး
- ကချင် (၁၉:၀၀ မှ ၂၁:၀၀) အမဲစင်းကော
- ကယား (၂၁:၀၀ မှ ၂၂:၀၀) ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၃၅ အားကစားသတင်း
- ၀၇:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၃၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
- ၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၅ MRTV Travelogue
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အငေါင်းအသင်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
- ၁၁:၀၀ 'ဒီမိုကရေစီဆိုသည်မှာ' (အပိုင်း-၁)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ဘိုရှန်မာတ်မြေဩဇာထည့်သွင်း မြေပဲသီးနှံအထွက်တိုးခြင်း
- ၀၇:၀၀ တောင်သူ့တစ်နေ့တာ (တောင်သူလယ်သမားနေ့ဂုဏ်ပြုအစီအစဉ်)
- ၀၇:၄၀ မွေးမြူရေးတိရစ္ဆာန်ပြပွဲပြိုင်ပွဲ
- ၀၈:၃၅ ဇီဝမျိုးတွေကြွယ်ဝစေဖို့ သဘာဝတောတွေထိန်းကြစို့
- ၀၉:၂၀ မြင့်မားလုပလယ်သမားဘဝ

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ ပြည်ပသို့ တိုးချဲ့တင်ပို့နိုင်ရေးအတွက် မဟာဗျူဟာ

(မျိုးသူ၊ ကုန်သွယ်မြှင့်)

မြန်မာနိုင်ငံတွင် အမျိုးသားပို့ကုန်မဟာဗျူဟာတစ်ရပ်ကို ၂၀၁၂ ခုနှစ်တွင် ရေးဆွဲပြီး ပထမအကြိမ် ငါးနှစ် မဟာဗျူဟာကို ၂၀၁၅ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပါသည်။ အဆိုပါ မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် ကဏ္ဍ ၁၁ ခုကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပါသည်။ ယခုနောက်ပိုင်းတွင် ဒုတိယမြောက်မဟာဗျူဟာ ငါးနှစ်အစီအစဉ်ကို အကောင်အထည်ဖော်ရန် စတင်ဆောင်ရွက်လျက်ရှိသည်ကို ဝမ်းမြောက်ဖွယ် သိရှိရပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy–NES) ကို ကဏ္ဍကြီးများ ခွဲခြားပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။



### အမျိုးသားပို့ကုန် မဟာဗျူဟာ

အမျိုးသားပို့ကုန်မဟာဗျူဟာကို လက်ရှိ ဒုတိယအကြိမ်အဖြစ် အကောင်အထည်ဖော်ထုတ်ခဲ့ရာတွင် အောက်ပါအတိုင်း ကဏ္ဍကြီးများ ခွဲခြား၍ ဆောင်ရွက်လျက်ရှိပါသည်–

- ဆန်စပါးနှင့် ဆန်ထွက်ပစ္စည်းကဏ္ဍ
- ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ
- ရော်ဘာလုပ်ငန်းကဏ္ဍ
- အထည်အလိပ်နှင့် အဝတ်အထည်ကဏ္ဍ
- ရေထွက်ကုန်ပစ္စည်းလုပ်ငန်းကဏ္ဍ
- စက်မှုနှင့် လျှပ်စစ်ပစ္စည်းကဏ္ဍ
- သစ်တောထွက်ပစ္စည်းကဏ္ဍ
- စားသောက်ကုန်ပြုပြင်ထုတ်လုပ်ခြင်းကဏ္ဍ
- သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ
- ကျောက်မျက်နှင့် လက်ဝတ်ရတနာကဏ္ဍ
- လက်မှုအနုပညာပစ္စည်းကဏ္ဍ
- ခရီးသွားလုပ်ငန်းကဏ္ဍ
- ဒစ်ဂျစ်တယ်ထုတ်ကုန်များနှင့် ဝန်ဆောင်မှုကဏ္ဍ
- အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ
- ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုကဏ္ဍ
- ကုန်သွယ်မှုသတင်းအချက်အလက် ဝန်ဆောင်မှုကဏ္ဍ
- တီထွင်ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်ဆောင်ရွက်ခြင်းကဏ္ဍ

> ❍ **ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍအတွက် ပို့ကုန်မဟာဗျူဟာတွင်လည်း အပိုင်း (၁)တွင် သီးနှံကဏ္ဍ ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်သွားရန် ဦးတည်ဆောင်ရွက်မည် ဖြစ်ပါသည်။ အပိုင်း(၂)တွင် ထုတ်ကုန်အမျိုးအစား စုံလင်စွာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးပေးနိုင်သည့် လုပ်သာကိုင်သာရှိသော စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရန် ဦးတည်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။ အပိုင်း(၃)တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၏ ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့နိုင်ရန်နှင့် တစ်ကမ္ဘာလုံးသို့ ရောက်ရှိတင်ပို့နိုင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်**

### လုပ်ငန်းတာဝန်များ

အဆိုပါ ကဏ္ဍကြီး ၁၈ ခုကို ယခု ငါးနှစ် အမျိုးသားပို့ကုန်မဟာဗျူဟာတွင် ဦးစားပေးကဏ္ဍများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကဏ္ဍအလိုက် ကြုံတွေ့နေရသော ဈေးကွက်ဆိုင်ရာ အဓိကအခက်အခဲများနှင့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ပူးပေါင်းဖန်တီး ဆောင်ရွက်ရန်ကိုလည်းကောင်း၊ ကဏ္ဍအလိုက် ပို့ကုန်မြှင့်တင်နိုင်ရေး ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကောင်းမွန်လာစေရန်အတွက် လည်းကောင်း၊ မူဝါဒများ ချမှတ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွား နိုင်ရန်အတွက်လည်းကောင်း၊ အစိုးရကဏ္ဍနှင့် ပုဂ္ဂလိက ကဏ္ဍများ ပူးပေါင်း၍ နိုင်ငံ၏ စီးပွားရေးကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားရန်အတွက်လည်းကောင်း၊ ရည်ရွယ်၍ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အသီးသီးတာဝန်ယူဆောင်ရွက်ကြမည် ဖြစ်ပါသည်။

### ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ

အထက်တွင်ဖော်ပြထားသော ဦးစားပေးကဏ္ဍကြီး ၁၈ ခုတွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍသည် ဆန်စပါးနှင့်ဆန်ထွက်ပစ္စည်းကဏ္ဍပြီးလျှင် ဒုတိယနေရာမှ ပါဝင်နေသည်ကို တွေ့နိုင်ပါသည်။ အမျိုးသားပို့ကုန် မဟာဗျူဟာတွင် အပိုင်းသုံးပိုင်းကို အခြေခံပြီး ဦးစားပေးကဏ္ဍကြီးတိုင်းကို ရေးဆွဲထားခြင်းဖြစ်ပါသည်။ အဆိုပါ အပိုင်းသုံးပိုင်းမှာ ကုန်ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်ဖော်ဆောင်ရေးနှင့် ဈေးကွက်ထိုးဖောက်ရေးအပိုင်းနှင့် ထိုအပိုင်းနှစ်ပိုင်းကို ချိတ်ဆက်ပေးထားသည့် စီးပွားရေးဝန်းကျင်ကောင်းများ ပေါ်ပေါက်ရေးအပိုင်းတို့ဖြစ်ကြပါသည်။ ယခု ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍအတွက် ပို့ကုန်မဟာဗျူဟာတွင်လည်း အပိုင်း(၁) တွင် သီးနှံကဏ္ဍ ထုတ်လုပ်မှုနှင့်ကုန်ထုတ်လုပ်နိုင်စွမ်းကို တိုးမြှင့်သွားရန် ဦးတည်ဆောင်ရွက်မည် ဖြစ်ပါသည်။ အပိုင်း(၂)တွင် ထုတ်ကုန်အမျိုးအစား စုံလင်စွာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးပေးနိုင်သည့် လုပ်သာကိုင်သာရှိသော စီးပွားရေး ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ အပိုင်း(၃)တွင် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၏ ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့နိုင်ရန်နှင့် တစ်ကမ္ဘာလုံးသို့ ရောက်ရှိတင်ပို့နိုင်ရန် ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်သော စွမ်းရည်တိုးမြှင့်ရေး

မဟာဗျူဟာတစ်ရပ်ကို ချမှတ်ရာတွင် လုပ်ငန်းဆောင်ရွက်မည့် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်သဖြင့် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍ၏ ထုတ်လုပ်မှုနှင့် ထုတ်လုပ်နိုင်စွမ်းတိုးမြှင့်နိုင်ရန်အတွက် ရိတ်သိမ်းချိန်လွန်နှင့် စက်မှုလယ်ယာအပါအဝင် လယ်ယာစိုက်ပျိုးရေးနည်းပညာများအား လက်ခံကျင့်သုံးမှု အားပေးရန် ရည်မှန်းချက် ချမှတ်ထားပါသည်။ အမှန်မှာ စိုက်ပျိုးထုတ်လုပ်မှုနှင့် ရိတ်သိမ်းချိန်လွန်အပိုင်းတို့တွင် လယ်ယာကဏ္ဍဆိုင်ရာ စက်မှုအပိုင်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ကုန်ထုတ်လုပ်မှုနှင့် ထုတ်လုပ်မှုစွမ်းရည်တိုးမြှင့်လာမည် ဖြစ်ပါသည်။ Production and Productivity တို့ တိုးတက်လာမှသာ တစ်ဧက အထွက်နှုန်းများနှင့် အထွက်စုစုပေါင်းများ တိုးတက်လာမည်ဖြစ်ပါသည်။ အရည်အသွေးပိုင်းတွင်လည်း လိုအပ်သော အရည်အသွေးများကို ထုတ်လုပ်နိုင်စွမ်း တိုးတက်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသားပို့ကုန် မဟာဗျူဟာ၏ အခြေခံကိုကြည့်လျှင် ပို့ကုန်တိုးတက်ခြင်းဖြင့် နိုင်ငံခြားငွေ ဝင်ငွေတိုးတက်လာပြီး နိုင်ငံဖွံ့ဖြိုးလာရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထိုသို့ ပို့ကုန်ပမာဏ တိုးတက်လာစေရန်မှာ ပို့ကုန်ဖြစ်လာမည့် စိုက်ပျိုးထုတ်လုပ်မှုအပိုင်းနှင့် ကုန်ချောထုတ်လုပ်မှုအပိုင်းတို့တွင် ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်နိုင်စွမ်းရည်မြင့်မားရန်မှာ အခြေခံလိုအပ်ချက်ပင် ဖြစ်ပါသည်။ ထို့ကြောင့် ဤအချက်ကို ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍမှ ပို့ကုန်တိုးမြှင့်စေရန် ချမှတ်သည့် မဟာဗျူဟာ၏ အပိုင်း(၁)၊ အဆင့်(၁)တွင် ပထမဆုံးသော ရည်ရွယ်ချက်အဖြစ် ချမှတ်ဆောင်ရွက်သွားရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

ဒုတိယအဆင့်အနေဖြင့် သီးနှံများ၏ တန်ဖိုးမြှင့်ကွင်းဆက်တွင် ပါဝင်ပတ်သက်သည့် အကျိုးတူပူးပေါင်းဆောင်ရွက်သူများ အားလုံး၏ နည်းပညာဆိုင်ရာ အသိပညာပိုင်းကို မြှင့်တင်ရန် ရည်ရွယ်ထားပါသည်။ ဤအပိုင်းတွင် လူသားအရင်းအမြစ်၏ အသိပညာပိုင်း၊ နည်းပညာပိုင်းကို မြှင့်တင်သွားရန် ရည်ရွယ်ထားခြင်းဖြစ်ပါသည်။ မည်သည့်ကဏ္ဍတွင်မဆို အခြေခံအကျဆုံးမှာ လူသားပင်ဖြစ်ပြီး လူသားအရင်းအမြစ်၏ နည်းပညာပိုင်းနှင့် အသိပညာပိုင်းတွင် တိုးတက်လာမှသာလျှင် တစ်ဦးချင်း၏ ကုန်ထုတ်လုပ်နိုင်စွမ်းရည်သည် တိုးတက်လာမည်ဖြစ်ပါသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကုန်ချောထုတ်လုပ်မှုအပိုင်းများတွင် နည်းပညာသည် များစွာအရေးကြီးပါသည်။ စိုက်ပျိုးရေးတွင် သမားရိုးကျရိုးရာနည်းလမ်းများမှ ကျော်လွန်၍ Good Agricultural Practice–GAP နည်းစနစ်များဖြင့် စိုက်ပျိုးရေး၊ ရိတ်သိမ်းရာတွင်လည်း နည်းပညာမြင့်မားသော စက်ကိရိယာများဖြင့် ရိတ်သိမ်းခြွေလှေ့နိုင်ရန်အတွက် စက်များကို ကျွမ်းကျင်စွာကိုင်တွယ်မောင်းနှင်နိုင်သည့် ကျွမ်းကျင်သူများ အများအပြား ပေါ်ပေါက်လာစေရေး၊ ကုန်ချောထုတ်လုပ်ရာတွင်လည်း စက်ရုံများတွင် Good Manufacturing Practice–GMP နည်းစနစ်များဖြင့် စက်လည်ပတ်ထုတ်လုပ်နိုင်ရေး၊ စားသောက်ကုန်များ ထုတ်လုပ်ရာတွင် Hazard Analysis and Critical Control Point–HACCP နည်းစနစ်များဖြင့် အစားအသောက်၏ ဘေးကင်း လုံခြုံရေးအပိုင်းကို မြှင့်တင်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အပိုင်းသုံးတွင် ပိုးမွှားနှင့် ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး အထွက်နှုန်းမြင့်သော သီးနှံအမျိုးအစားများ ရရှိနိုင်မှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဖြစ်ပါသည်။ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးတွင် အခြေခံအားဖြင့် သွင်းအားစုအပိုင်းတွင် မျိုးနှင့် မြေဩဇာ၊ ပိုးသတ်ဆေးစသော အခြေခံများမှ မျိုးပိုင်းဆိုင်ရာတွင် အာမခံချက်တစ်ခုရရှိ တိုးတက်အောင် ဆောင်ရွက်သွားရန် ရည်ရွယ်ထားခြင်း ဖြစ်ပါသည်။

### လုပ်သာကိုင်သာရှိသော စီးပွားရေးပတ်ဝန်းကျင်တစ်ရပ် ဖော်ဆောင်ရန်

ဒုတိယ မဟာဗျူဟာရည်မှန်းချက်အဖြစ် ပဲမျိုးစုံနှင့် ဆီထွက်သီးနှံကဏ္ဍတွင် “ထုတ်ကုန်အမျိုးအစား စုံလင်စွာ ထုတ်လုပ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို ကူညီပံ့ပိုးနိုင်သော လုပ်သာကိုင်သာရှိသည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ဖော်ဆောင်ရန်” ဟု ချမှတ်ထားပါသည်။ အဆိုပါ ရည်မှန်းချက်ကို ဖော်ဆောင်ရန်အတွက် နည်းဗျူဟာအပိုင်းတွင် နိုင်ငံတကာကျင့်စဉ်များနှင့်အညီ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအတွက် အရည်အသွေးမူဘောင်တစ်ရပ်ကို ချမှတ်ရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ပြုပြင်ထုတ်လုပ်ရေးလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန် ဟူ၍ ရည်မှန်းချက် ချမှတ်ထားပါသည်။ ဤအပိုင်းတွင် Business Environment ဟူသော စီးပွားရေးပတ်ဝန်းကျင်ဆိုသည့် ထုတ်လုပ်သည့် ကုန်စည်များ ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်ရာတွင် လွယ်ကူမြန်ဆန်ရေး၊ အထောက်အကူပြုရေးသည် အလွန်အရေးပါသဖြင့် အဆိုပါ စီးပွားရေးပတ်ဝန်းကျင်ကောင်းကို

စာမျက်နှာ ၂၁ သို့

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် သူနာပြု၊ သားဖွား(ဒီပလိုမာ) အောင်လက်မှတ်အပ်နှင်းပွဲအခမ်းအနား တက်ရောက်

**မန္တလေး မတ် ၁**

သူနာပြုသင်တန်းကျောင်း(မန္တလေး) ၏ သူနာပြု၊ သားဖွား(ဒီပလိုမာ) သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ် အပ်နှင်းခြင်းနှင့် အလုပ်ခန့် အပ်လွှာပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သူနာပြုသင်တန်း ကျောင်းအုပ်ကြီး၊ ဆေးရုံအုပ်ကြီးများ၊ သင်တန်းသား သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် သူနာပြုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းဦးတို့က မန္တလေးမြို့၊ ကလေးမြို့၊ လားရှိုးမြို့ သူနာပြုသင်တန်းကျောင်းများအလိုက် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၆၂၀၀၀၀ ပေးအပ်ပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး အိမ်ရာဝင်းအနီး တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များ၏ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြသမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံ၊ ယခုဘဏ္ဍာနှစ်တွင် ဝယ်ယူထားသည့် မီးငြိမ်းသတ်ယာဉ်များ၊ လူနာတင်ယာဉ်၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်း အထောက်အကူပြုဩစတြေးလျ နိုင်ငံထုတ် Luf-60 အဝေးထိန်းယာဉ်၊ စက်များ၏ အသုံးပြုပုံနှင့် စွမ်းဆောင်ရည်များကို ရှင်းလင်းပြသသည်။



ထို့နောက် ဝန်ကြီးချုပ်က မကြာမီနွေရာသီရောက်ရှိတော့မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များအထိ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် လူအင်အား၊ အထောက်အကူပစ္စည်းများ အသင့်စုဖွဲ့ပြင်ဆင်ထားရေးနှင့် အမြဲမပြတ်လေ့ကျင့်နေရေး၊ နည်းပညာမြင့် စက်ပစ္စည်းများကို ကျွမ်းကျင်သူများဖြင့် ဂရုတစိုက်ကိုင်တွယ် အသုံးပြုသွားရေးနှင့် စက်ပစ္စည်းများ၏ သတ်မှတ်သက်တမ်းအထိ သုံးစွဲနိုင်ရန် စနစ်တကျ ထိန်းသိမ်းထားရှိသွားရေးတို့ကို မှာကြားပြီး စုဖွဲ့လေ့ကျင့်ထားသည့် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စက်ပစ္စည်းများ၏ စွမ်းဆောင်ရည် သရုပ်ပြသမှုများကိုကြည့်ရှုကာ မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုငွေကျပ်၂၅ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ သတင်းမီဒီယာဥပဒေ၊ နည်းပညာဥပဒေနှင့် သတင်းမီဒီယာကျင့်ဝတ်ဘာသာရပ် ဟောပြောပို့ချ

**ရန်ကုန် မတ် ၁**

ရန်ကုန်မြို့ အမှတ် ၁၅ မိုးကောင်းလမ်းတွင် တည်ရှိသော မြဝတီမီဒီယာစင်တာတွင် ဖွင့်လှစ်မည့် Star FM Radio Station တွင် တာဝန်ထမ်းဆောင်မည့် အရာထမ်း၊ အမှုထမ်း ၁၅ ဦးဖြင့် ဖွင့်လှစ်လျက်ရှိသော Internship လုပ်ငန်းခွင်လက်တွေ့ လေ့လာဆောင်ရွက်မှုသင်တန်းမှ သင်တန်းသားများကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက မတ် ၁ ရက်တွင် သတင်းမီဒီယာဥပဒေ၊ နည်းပညာဥပဒေနှင့် သတင်းမီဒီယာ ကျင့်ဝတ်ဆိုင်ရာ ဘာသာရပ်များနှင့် သတင်းမီဒီယာဆိုင်ရာ အတွေ့အကြုံများကို ရန်ကုန်မြို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ ဟောပြောပို့ချခဲ့ရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ




ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက်တင်မောင်ဦး)နှင့် ကောင်စီဝင် ဒေါ်မြင့်မြင့်သိန်း (တက္ကသိုလ်မြမ္ဘူ) တို့က ဆွေးနွေး ဟောပြောပို့ချကြောင်း သိရသည်။

**သတင်းစဉ်**

# ဟသ်ာတမြို့ သူနာပြုသင်တန်းကျောင်းတွင် သစ်လွင်သူနာပြုများ ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

**ဟသ်ာတ မတ် ၁**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့တွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးနှင့်လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန ၊ သူနာပြုသင်တန်းကျောင်းမှ သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ် သင်တန်းအောင်မြင်ခဲ့ကြသော သင်တန်းသားများအား သစ်လွင်သူနာပြုခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါ သင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပြီး သင်တန်းကျောင်းစီမံခန့်ခွဲရေးဥက္ကဋ္ဌ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာဌေးဌေးလှိုင်က သင်တန်းဆင်းသူနာပြုမောင်မယ်တို့ကို သင်တန်းဆင်းအမှာစကားပြောကြားကာ တက်ရောက်လာကြသော တာဝန်ရှိသူများက အောင်လက်မှတ်နှင့် အလုပ်ခန့်အပ်လွှာများကပေးအပ်ကြသည်။

ယနေ့အခမ်းအနားတွင် ဟသ်ာတမြို့ရှိ သူနာပြုသင်တန်းကျောင်းမှ အပတ်စဉ် (၁၈) ကြိမ်မြောက် သူနာပြု - သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်းကို တက်ရောက်အောင်မြင်ခဲ့ကြသူ ၃၅ ဦးတို့အား သင်တန်းဆင်း အောင်လက်မှတ်နှင့်တကွ သစ်လွင်သူနာပြု ခန့်အပ်လွှာများကိုပါ တစ်ပါတည်း ပေးအပ်ချီးမြှင့်ခြင်းဖြစ်ကြောင်း သူနာပြုသင်တန်းကျောင်းအုပ်ကြီး ဒေါ်ဝေဝေလွင်ထံမှ သိရသည်။

**ကိုဇော်(ဟသ်ာတ)**

*စာမျက်နှာ ၂၀ မှ*

ဖော်ဆောင်ရာတွင် ဗျူဟာကျသော မူဝါဒများပေါ်ပေါက်လာရေး၊ တန်ဖိုးထပ်တိုးမှုနှင့် ထုတ်ကုန်အမျိုးအစားစုံလင်မှုများ တိုးတက်လာရေး၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများ တိုးတက်လာစေရေးအတွက် လှုံ့ဆော်ရေး စသောအချက်များကို လုပ်ငန်းစီမံချက်များ ချမှတ်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

**ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့ရန်နှင့် ကမ္ဘာ့အနှံ့ ရောက်ရှိတင်ပို့နိုင်ရန်**

ပဲမျိုးစုံနှင့်ဆီထွက်သီးနှံကဏ္ဍ မဟာဗျူဟာရည်မှန်းချက်အပိုင်းသုံးအဖြစ် "ပို့ကုန်များ စဉ်ဆက်မပြတ် တိုးတက်တင်ပို့နိုင်ရန်နှင့် ကမ္ဘာ့အနှံ့ရောက်ရှိတင်ပို့နိုင်ရန်" ဟူသော ရည်မှန်းချက်ကို အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။ နည်းဗျူဟာပိုင်းအနေဖြင့် စနစ်တကျ စီစဉ်ဖွဲ့စည်းထားသော ပြည်ပပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြှင့်တင်နိုင်ရေးအားထုတ်မှုများကို သေချာစွာ လုပ်ဆောင်ရေး၊ ဈေးကွက်ရောင်းဝယ်ဖောက်ကားမှုဆိုင်ရာ သတင်းအချက်အလက်စီမံခန့်ခွဲမှုကို တိုးတက်ကောင်းမွန်စေရေးနှင့် အသင်းအဖွဲ့၏ စွမ်းဆောင်ရည်ကို ခိုင်မာအားကောင်းစေရန်နှင့် ၎င်း၏ လုပ်ဆောင်မှုအတိုင်းအတာနယ်ပယ်ကို တိုးချဲ့ရေးဆိုသည့် နည်းဗျူဟာများ ချမှတ်အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

**အထွေထွေ**

ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ပို့ကုန်အဖြစ် တိုးတက်တင်ပို့နိုင်ရန်မှာ မြန်မာနိုင်ငံအတွက် အထူးလိုအပ်သော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ပဲမျိုးစုံကို နှစ်စဉ် အမေရိကန်ဒေါ်လာ တစ်ဘီလီယံကျော် တင်ပို့လျက်ရှိပြီး ဆီထွက်သီးနှံများဖြစ်သော နှမ်း၊ မြေပဲ စသောဆီထွက်သီးနှံများကိုလည်း ပြည်ပသို့တင်ပို့လျက်ရှိပါသည်။ ထိုသို့သော သီးနှံများသည် ပုပ်သိုးပျက်စီးရန် လွယ်ကူခြင်းမရှိဘဲ ရေရှည်သိုလှောင်နိုင်သော သီးနှံများဖြစ်သဖြင့် နိုင်ငံအသီးသီးအတွက် ရိက္ခာအဖြစ် ထားရှိနိုင်ပါသည်။ ကိုဗစ် - ၁၉ ကပ်ရောဂါကဲ့သို့ ရောဂါများ ဖြစ်ပွားသည့် အတွေ့အကြုံအရ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးသွားလာမှု၊ ကုန်သွယ်မှုတို့ကို ဆင်ခြင်နေရသည့် ကာလမျိုးတွင် လွန်စွာအရေးပါသည်ကို တွေ့ရှိလာရပါသည်။ ထို့ကြောင့် ပုပ်သိုးပျက်စီးလွယ်ကူခြင်းမရှိ သီးနှံများကို ပိုမိုထုတ်လုပ်ရေး၊ ပိုမိုတင်ပို့နိုင်ရေးသည်များစွာ အရေးပါပြီး ပို့ကုန်တိုးမြှင့်ရေးအတွက် အလိုက်သင့်ကောင်းစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအား ကုန်ကြမ်းနှင့် ကုန်ချောများအဖြစ် တိုးတက်ထုတ်လုပ်တင်ပို့ရန်အတွက် ယခုဖော်ပြသော မဟာဗျူဟာသည် အလွန်အရေးကြီးသောနေရာတွင် ရှိနေပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အကျိုးရှိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည် ခင်ဗျား။ ။

# နိုင်ငံတကာ တိုက်ကွမ်ဒို အွန်လိုင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်မှ ကြီးမှူးပြီး နိုင်ငံတကာ တိုက်ကွမ်ဒို အွန်လိုင်းပြိုင်ပွဲ(Myanmar Open International Taekwondo Online Champions) ပြိုင်ပွဲအား ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲအား ဧပြီ ၁၅ ရက်မှ စတင်ဘာ ၁၈ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာ တိုက်ကွမ်ဒို အွန်လိုင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား နှစ်မျိုးပါဝင်ပြီး Poomsae (ကကွက်)၊ Speedkick (အမြန်ကန်ချက်) ပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

## မိုးတိမ်တောင်များကြောင့် လေပြင်းတိုက်ခြင်းနှင့် မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် မတ် ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် နွေကာလဖြစ်သည့် မတ်လနှင့် ဧပြီလများအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## တရားမဝင် အလှကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ အကောက်ခွန်ဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် အလှကုန်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆၄၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ရေချိုးခန်းသုံး ရေပူစက် ၃၃ ခု **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၆၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။




သို့ဖြစ်ပါ၍ ယနေ့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ နှစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၈၀၀၀၀၀)** ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြစ်ကြီးနား၊ မြဝတီနှင့် မြိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၈ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် လယ်တော ကျောက်ခင်းလမ်းတွင် စိုးစိုး မောင်းနှင်ပြီး မရုံးခို့(ခ) စမ်းစမ်းအေး လိုက်ပါလာသည့် ခရောင်းအမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ကို




အောင်ဖြိုးဦး(ခ)အသေးလေး(ခ)အကြီးကောင်၊ နေမင်း(ခ)ရှမ်းလေး၊ ကျော်မင်း၊ ဖဆိုင်ဟတ်နှင့် ကိုပြည့်(ခ)အောင်ပြည့်ဖြိုးကျော်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

လည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ် တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်အတွင်းတွင် အောင်ဖြိုးဦး (ခ) အသေးလေး (ခ) အကြီးကောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီ မိနစ် ၄၀ တွင် နေမင်း(ခ)ရှမ်းလေးအား မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရန်ကင်းလမ်း၌ လည်းကောင်း၊ ညနေ ၄ နာရီတွင် ကျော်မင်းအား မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရန်ကင်းလမ်း၌ လည်းကောင်း၊ ညနေ ၄ နာရီခွဲတွင် ဖဆိုင်ဟတ်ကို မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဟိုတယ် အခန်းအမှတ် (၁၁၈) ၌ ကတ်တမင်း သုည ဒသမ ၁၁ ကီလိုနှင့်လည်းကောင်း၊ ညနေ ၄ နာရီ မိနစ် ၄၀ တွင် ကိုပြည့်(ခ)အောင်ပြည့်ဖြိုးကျော်အား မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဟိုတယ်အခန်း အမှတ်(၁၁၃)၌ ကတ်တမင်း သုည ဒသမ ၁ ကီလိုနှင့် လည်းကောင်း၊ ထို့အတူ ယင်းနေ့ နံနက် ၆ နာရီခွဲတွင် တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်(အလယ်ပိုင်း)ရပ်ကွက် မြဝါးရုံလမ်းနေ စိုင်းညီညီ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄၉ပြား ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁**

ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေကာ အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မြိတ်တောင်ရပ်ကွက်နေ ညီညီစံ(ခ)သားညီနှင့် ဇော်မင်းနိုင်တို့က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေ မ----(၂၄ နှစ်)အား မြိတ်မြို့ရှိ KTV ဆိုင်တွင် အရက်ရောင်းပြီး အခန်းတစ်ခါဝင်ပါက ငွေကျပ် ၁၀၀၀ နှင့် မုန့်ဖိုးများရကြောင်း ပြောဆိုစည်းရုံး၍ KTV သို့ ပို့ဆောင်ခဲ့ပြီး လွတ်လပ်စွာ သွားလာခွင့်မပေးဘဲ ပိတ်လှောင်ကာ ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေ၍ ငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် မြိတ်မြို့မ ရဲစခန်း (ပ) ၁၁၄၂/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မြိတ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် တရားခံ ညီညီစံ(ခ)သားညီနှင့် ဇော်မင်းနိုင်တို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊နည်းဥပဒေ ၂၀)
### ဥတ္တရသီရိမြို့နယ်တရားရုံးတော်
### ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ်-၅၃

| | | |
|---|---|---|
| နေပြည်တော်ဖွံ့ဖြိုးရေးဘဏ် (ဥတ္တရသီရိဘဏ်ခွဲ) (ယခင်နေပြည်တော် စည်ပင်ဘဏ်လီမိတက်) ၎င်း၏ကိုယ်စား ဒေါ်သီတာဦး (လက်ထောက်အထွေထွေမန်နေဂျာ) | နှင့် | ၁။ ဒေါ်မိုးမမအေး ၂။ ဆန္ဒဘုန်းပြည့်မိသားစု ကုမ္ပဏီလီမိတက် (ခ)ဆန္ဒဘုန်းပြည့်မြန်မာဂရုအော့ဖ် ကုမ္ပဏီလီမိတက် ၃။ ဦးပြည့်လင်းအောင် |
| တရားလို | | တရားပြိုင်များ |

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ မြဝတီရပ်ကွက်၊ သီတာနန္ဒာလမ်းနေ (၁) တရားပြိုင် ဒေါ်မိုးမမအေး (ယခုနေရပ်လိပ် စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်(ဥတ္တရသီရိဘဏ်ခွဲ) (ယခင်နေပြည်တော်စည်ပင်ဘဏ်လီမိတက်)၎င်း၏ကိုယ်စား ဒေါ်သီတာဦး (လက်ထောက်အထွေထွေမန်နေဂျာ)က အငှားဝယ်စနစ်ဖြင့်ဝယ်ယူရာတွင် ပေးသွင်းရန်ကျန်ရှိသော ငွေနှင့် ရက်လွန်ကြေးငွေ၊ အတိုးငွေအပါအဝင် စုစုပေါင်းငွေ(၃၃၁၄၅၂၈/-)(သုံးဆယ့်သုံးသိန်းတစ်သောင်းလေးထောင့်ငါးရာနှစ်ဆယ့်ရှစ်ကျပ်)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်ဆက်စပ်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ခုနှစ် မတ်လ ၁၇ရက် (၁၃၈၃ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုရန်လိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် မတ်လ ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီရိကျော်)
တွဲဖက်မြို့နယ်တရားသူကြီး
ဥတ္တရသီရိမြို့နယ်တရားရုံး

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### မြဝတီခရိုင်တရားရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် - ၁၄

| | | |
|---|---|---|
| ဒေါ်အေးအေးဝင်း | နှင့် | ၁။ ဦးစိန်သန်း ၂။ ဦးစိန်ခဲ |
| တရားလို | | တရားပြိုင်များ |

မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ပြည်ခိုင်ဖြိုးလမ်းရှိ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်အမှတ် (၁) ဦးစိန်သန်းနှင့် မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ မေတ္တာ (၅)လမ်း၊ (ယခုနေရပ်လိပ်စာမသိ) တရားပြိုင်အမှတ် (၂) ဦးစိန်ခဲတို့ သိစေရမည်။

သင်၏အပေါ်တွင် တရားလိုက ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် (၅၃-စီ)၊ တောရကျောင်းတောင်အကွက်၊ မြေကွက်အမှတ် (၄၁)၊ မြေဧရိယာပေ (၄၀x၆၀) အကျယ်အဝန်းရှိ ခြံမြေကွက်ကို မြေကွက်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ အမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ် ၁၅ရက် (၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၄ရက်) (အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် အထက်ပါတရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ကရင်ပြည်နယ်၊ မြဝတီခရိုင်တရားရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ သင်သည်အထက်ကဆိုခဲ့သည့်နေ့ရက်တွင် တရားရုံးသို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင်အပ်နှံ၍ ပို့အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် မတ် ၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ဇော်ဦး)
ခရိုင်တရားသူကြီး
မြဝတီခရိုင်တရားရုံး

### တူမအဖြစ်မှ လုံးဝမသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ တာဝတိံသာ (၂) လမ်းနေ ဒေါ်ရီရီဝင်း၊ ဒေါ်နွဲ့နွဲ့၊ ဒေါ်ငြိမ်းငြိမ်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၎င်းတို့၏တူမဖြစ်သူ မြောင်းမြမြို့နယ်၊ ကွယ်လွယ်အရှေ့ကုန်းရပ်ကွက်တွင် နေထိုင်သော (ဘ)ဦးလွင်၏သမီးဖြစ်သူ မမေသူဇာလွင် ၁၄/မမန(နိုင်)၂၃၇၃၀၅သည် အဒေါ်များ၏စကားကိုမနာခံဘဲ အဒေါ်များ၏သဘောမတူသူနှင့် အိမ်ထောင်ပြုခဲ့သောကြောင့် တူမအဖြစ်မှ လုံးဝမသက်ဆိုင်တော့ကြောင်း၊ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို အသိအမှတ်မပြုပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြူကြူစန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၉၆)
အမှတ် (၃၀-က)၊ တာဝတိံသာ (၁)လမ်း၊ မြောင်းမြမြို့

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၊ သခင်ခင်ဇော်လမ်း၊ မြေကွက်အမှတ် (၉၉၄)၊ မြေဧရိယာ ၀ဒသမ၀၆၂၊ မြေအကျယ်အဝန်း (၄၅x၆၀)ပေရှိ ဒေါ်စန်းစန်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အားလုံးတို့အား လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသည့် ဦးဇာနည်အေး ၁၂/ဒဂရ(နိုင်)၀၀၄၆၁၉က ၎င်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ အရောင်းတန်ဖိုးငွေအပြေအကျေပေးချေပြီး အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ရဲမြင့် LL.B, D.B.L, D.I.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၅၃)
အမှတ် (၈)၊ ရုံးပတ်လမ်း၊ မ.ဝ.တ လမ်းဆုံ၊ မြို့နယ်တရားရုံးအနီး၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၄၉၆၁၅၊ ၀၉-၇၉၅၉၇၄၉၁၁

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၃၆)ကြိမ်မြောက် ကျပ်၁၀၀၀တန် ထီပေါက်စဉ် ၂၀၂၂ ခုနှစ် မတ်လ (၁) ရက်နေ့ *အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀)ဆု

ဇ - ၉၁၅၉၅၆

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀)ဆု

င - ၆၇၁၇၆၇

### ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

ည - ၂၅၇၆၂၄ ခ - ၄၄၂၉၆၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၅၀၀)ဆု ( ၂ )ဆု

ဈ - ၂၈၁၇၇၀ က - ၅၃၃၃၄၂

### ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဆ - ၁၀၇၈၅၈ ခ - ၉၂၁၄၆၁

ဆ - ၃၅၁၇၂၄ ဃ - ၉၅၃၆၈၅

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း(၂၀၀)ဆု ( ၂ )ဆု

ခ - ၅၆၄၅၅၃ ခ - ၅၇၅၇၉၉

### ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဂ - ၁၀၅၈၄၂ င - ၅၃၇၀၃၄

စ - ၂၃၂၀၁၀ ည - ၆၅၃၈၃၃

င - ၃၀၇၃၁၄ စ - ၇၉၂၁၂၈

ည - ၃၄၅၁၇၃ စ - ၈၃၄၀၀၃

မရောင်းရထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်းကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်သိန်း (၁၀၀) ဆု ( ၁ )ဆု

ဇ - ၂၃၄၄၂၄

### ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဃ- ၂၁၅၆၃၁

ခ -၃၆၁၀၆၆

ဇ - ၆၃၂၂၇၄

ခ -၆၉၆၂၆၉

ည-၇၄၈၇၆၉

ခ -၇၉၇၈၅၀

ဇ -၈၈၆၀၄၉

စ -၉၁၆၀၀၄

က- ၉၄၃၂၄၁

### ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဆ -၁၂၄၁၆၉ င -၃၅၀၉၄၂ ဃ -၇၃၄၆၃၆

ဈ -၁၉၇၂၃၃ ည -၅၀၂၆၄၆ စ -၇၇၃၃၄၇

ည -၂၀၆၇၂၉ ဈ -၆၁၁၅၉၁ ဈ -၈၇၇၄၃၂

င - ၂၂၇၂၇၁ ခ -၇၀၈၆၆၇ ည -၉၈၈၃၁၃

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် သိန်း(၂၀) ဆု( ၁ )ဆု

ဃ - ၇၉၇၄၁၂

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ဈ - ၁၄၀၇၂၅ ဆ - ၄၆၁၆၀၄

ဃ - ၁၉၄၇၃၄ င - ၄၈၆၆၃၃

ဇ - ၂၀၇၀၀၁ စ - ၅၇၅၃၂၉

စ - ၂၈၂၂၃၉ စ - ၆၀၄၅၃၇

ဆ - ၃၅၁၇၁၄ ဆ - ၆၃၇၆၀၄

ဇ - ၃၉၁၉၂၇ င - ၇၁၁၉၄၇

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသော ဆုမဲစုစုပေါင်းတန်ဖိုး (ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်) အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ် (၁၀) သိန်းဆု( ၁ )ဆု

ဆ - ၁၀၅၇၀၃

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ခ - ၄၇၅၇၅

ဆ - ၈၆၄၂၀

ဆ - ၉၇၁၈၉

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

င - ၆၆၄၀

ခ - ၈၃၁၅

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

ဈ - ၁၂၄ င - ၂၈၁

ဃ - ၁၇၂ စ - ၃၀၃

ဂ - ၁၈၅ ဇ - ၇၁၂

စ - ၂၇၃ ည - ၉၁၂

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ - ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာကျပ်(၅)သောင်းဆုများ

မရောင်းရ ထီလက်မှတ်များမှ ပေါ်ထွက်လာသောဆုမဲ စုစုပေါင်းတန်ဖိုး(ဘဏ္ဍာသိမ်း ကျပ်သိန်း ၂၅၀၀ မှ အပါအဝင်)အား ပြန်လည် အစားထိုးဖွင့်လှစ်ပေးသည့် ကျပ်ငါးသောင်း ( ၃ )ယူနစ်များ

စ - ၂၈ ည - ၆၃ ဃ - ၉၃

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံးအစဉ်လိုက်တူ ကျပ်(၅)သောင်း

## ဘဏ္ဍာသိမ်းရငွေကျပ်သိန်း(၂၅၀၀)မှ ချီးမြှင့်သောဆုမဲများ

### ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ

ခ - ၁၂၇၃၉၂ ဆ - ၁၅၈၉၁၄ ဇ - ၆၅၈၉၄၂ ဂ - ၇၂၆၆၁၁

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

ဇ - ၂၆၆၂၇

ခ - ၂၈၂၂၇

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

ဆ - ၂၈၇၁ ဂ - ၄၄၉၆

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

စ - ၅၂၅

ဇ - ၆၄၃

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

၁။ ၂၀၂၂ ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင် ကျင်းပသည့် အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် (၃၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန်အတွက် ဆုမဲ( ၁၃၆၉၄ )ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၂၂ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၃၇)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲအတွက် ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာ မှ (ည) အက္ခရာထိ အက္ခရာ (၁၀)လုံး ဖြစ်ပါသည်။

၃။ (၃၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၃-၃-၂၀၂၂ )ရက်နေ့မှ စတင်၍ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၁၀-၃-၂၀၂၂ )ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင်ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ် ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနများတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ စက်သုံးဆီများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဒီဇယ်ဆီ | ၃၀၀၀၀ဂါလန် |
| (ခ) | ပရီမီယံဒီဇယ်ဆီ | ၁၅၀၀၀ဂါလန် |
| (ဂ) | ဓာတ်ဆီ(92Ron) | ၅၀၀၀ဂါလန် |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၃-၃-၂၀၂၂ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၈-၃-၂၀၂၂ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၁-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၊ ၁၁-ကမာရွတ်)၊ လူနေရပ်ကွက်အမှတ်(မြကန်သာအိမ်ရာ)၊ မြေကွက်အမှတ်(၉ᵒ)၊ မြေဧရိယာ အကျယ်အဝန်း ၂၉၁၈ ဒသမ ၅၂စတုရန်းပေ၊ ၀ ဒသမ ၀၆၇ဧက၊ မြေအမျိုးအစား နှစ် (၆၀)မြေငှားဂရန်စာချုပ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့ကို မိမိတစ်ဦးတည်းကသာ ပိုင်ဆိုင်၍ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းသူ ဦးသန်းအောင် ၁၂/ကမတ(နိုင်)၀၄၈၂၃၀ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့် စပ်လျဉ်း၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ (ကိုယ်တိုင်) လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲပြောင်းညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ရွှေစင်(LL.B, D.B.L) အထက်တန်းရှေ့နေ(စဉ်-၄၉၇၀၃)**
**အိမ်အမှတ်(၁၃)၊ ဇေယျမင်္ဂလာလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၉၇၆၅၀၆၁၃၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၆ရှိ

(က) မြေကွက်အမှတ်-၇၃၈-က၊ အကျယ်(၂၀'x၆၀')၊ မြေအမျိုးအစား -ပါမစ်မြေ၊ အမည်ပေါက်-ဦးတင်ညို ၁၂/လမန(နိုင်)၀၇၅၄၀၄

(ခ) မြေကွက်အမှတ်-၇၃၈-ခ၊ အကျယ်(၂၀'x၆၀')၊ မြေအမျိုးအစား -ပါမစ်မြေ၊ အမည်ပေါက်-ဦးမြင့်လွင် (HGU-၀၁၆၄၇၃)

(ဂ) မြေကွက်အမှတ်-၇၄၁-က၊ အကျယ်(၂၀'x၆၀')၊ မြေအမျိုးအစား -ပါမစ်မြေ၊ အမည်ပေါက်-ဦးကျင်ဝင်း (HGU-၁၁၂၃၄၉)

(ဃ) မြေကွက်အမှတ်-၇၄၁-ခ၊ ဧရိယာ ၀ ဒသမ ၀၂၇ ဧက၊ မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေ၊ အမည်ပေါက်-ဦးသန်း ၁၂/ဥကတ(နိုင်)၀၀၃၆၆၀

အမှတ်(၇၃၈/၇၄၁)၊ မြယမုံပတ်လမ်း၊ (၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သောမြေကွက်(၄)ကွက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးဘမြင့် ၁၂/သဃက(နိုင်)၁၅၂၈၃၂ မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန့်ဇော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
**အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့၊ အေးချမ်းသာယာရပ်ကွက်၊ ဇီဇဝါလမ်း၊ အမှတ်(၃၃၃)နေ ဒေါ်နုနုဆွေ(ဘ) ဦးမောင်လေး ၇/ဝမန(နိုင်)၀၀၅၉၇၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာလိုက်သည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုဆွေ၏ သားအလတ်ဖြစ်သူ ကိုဘိုဘို ငြိမ်း (ဘ) ဦးသန်းမြင့် ၇/ဝမန(နိုင်)၁၀၀၂၄၃ နှင့်သမီးအငယ်ဖြစ်သူ မသဇင်နွယ်ငြိမ်း (ဘ) ဦးသန်းမြင့် ၇/ဝမန(နိုင်)၁၃၀၃၄၉ တို့သည် မိဘ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘစိတ်ဆင်းရဲစေသောကိစ္စရပ်များအား အကြိမ်ကြိမ်အခါခါပြုလုပ်ခဲ့သဖြင့် ယနေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ကိုဘိုဘိုငြိမ်းနှင့်မသဇင်နွယ်ငြိမ်းတို့ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မိဘဆွေမျိုးများနှင့်လုံးဝမသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်ဒေါ်နုနုဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြတ်ပွင့်ဝေဝေ (LL.B, D.B.L, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၁၂/၈-၁-၂၀၂၀)**
**အမှတ်(၃၃၇)၊ ဇီဇဝါလမ်း၊ အေးချမ်းသာယာရပ်ကွက်၊ ဝေါမြို့**
**ဖုန်း-၀၉-၄၂၃၆၇၄၃၉၈၊ ၀၉-၉၇၂၂၃၈၉၈၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးပြုံး ၉/ပမန(နိုင်)၁၆၈၄၈၁(ဘ) ဦးညီလေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၇၀၂)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ကြည်ဝင်း (ခ) ဒေါ်ကြည် ၉/ပမန(နိုင်)၀၉၂၆၂၈ (ဘ) ဦးလှမောင်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတင်ထွန်းဦး ၉/ပမန(နိုင်)၀၈၀၀၇၂ (ဘ) ဦးတင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၁၄၉၇)ကို မြေကွက်အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်မြသီ ၉/ပမန (နိုင်)၀၇၀၄၃၇ (ဘ) ဦးကျော်မြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ်(၁၂၇၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးစိုးသီဟကျော်၊ ဒေါ်သက်နှင်းဆီ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးစိုးသီဟကျော်၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၀၀၄/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဇော်မြင့်နိုင် ၉/ပမန(နိုင်)၁၂၂၅၄၈နှင့် ဒေါ်သက်နှင်းဆီ ၉/ပမန (နိုင်)၁၉၄၉၂၆တို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေ စာရင်း မူရင်းများတင်ပြပြီး ဒေါ်သက်နှင်းဆီ ၉/ပမန(နိုင်)၁၉၄၉၂၆နှင့် စွန့်လွှတ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့် ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ် ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/မြို့မတောင်ရပ်၊ မင်္ဂလာ ဒီပရပ်ကွက်၊ မြေဧရိယာ (၀ ဒသမ ၁၄၆)ဧကရှိ ဦးလှစိုး ၉/မနမ(နိုင်)၀၈၈၂၅၂ (ဘ) ဦးစိုးမြင့် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်၊ ပ-၁၃၄၅(A)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၅/ ၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက် ၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်ခင်နုကြည် ၁၄/ပတန(နိုင်)၀၀၀၀၀၈၊ (ဘ) ဦးသိန်းအောင်မှ ဦးလှဝင်းအောင် ၉/ပဥလ(နိုင်) ၀၁၁၀၈၆ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်မြို့တော်စီမံကိန်း၊ ကံ့ကော်ရိပ်သာ(၂)ရပ်ကွက်၊ မြေကွက်အမှတ်(၁၁၅/၁၁၆) ဟုခေါ်တွင်သည့် ဇေကမ္ဘာ ကုမ္ပဏီလီမိတက်အမည်ပေါက် ပါမစ်မြေအမျိုးအစား အကျယ် (၁၃၀x၈၀) ပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မင်္ဂလာဒုံဥယျာဉ်မြို့တော် အိမ်ရာစီမံကိန်းဖြင့် အိမ်ရာများ ဆောက်လုပ်ကာ တရားဝင်ပိုင်ဆိုင်သည့် ဇေကမ္ဘာကုမ္ပဏီလီမိတက် မှ ဦးအိုက်ယုံ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအိုက်ယုံမှ တစ်ဆင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဝင်းစန္ဒာ ၁၂/ပဇတ(နိုင်)၀၃၃၆၈၀ မှ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား မူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
|---|---|
| **ဦးသိန်းဦး** | **ဒေါ်မေမြတ်နိုး** |
| **၁၂/သဃက(နိုင်)၀၆၅၁၁၄** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၁၇၈၆၀)** |

**အမှတ်(၂၈၂/ခ)၊ ဒုတိယထပ်၊ ရေကူးရွာမလမ်း၊**
**ကမ္ဘာအေး၊ (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၇၂၀၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄၂)၊ ပီမိုးနှင်း(၂)လမ်း၊ မြေကွက်အမှတ် (၅၆၉-ခ)၊အကျယ်အဝန်းပေ(၂၀x၆၀)၊ ဧရိယာ (၀ ဒသမ ၀၂၇၅) ဧက(၁၂၀၀)စတုရန်းပေရှိနှစ် (၆၀)ဂရန်မြေကွက်သည် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစာရင်းနှင့် ရန်ကုန်မြို့ပြအိမ်ရာဖွံ့ဖြိုး ရေးဦးစီးဌာနတွင် ဒေါ်စန်းအမည်ပေါက်ပြီး ဆက်စပ်စာချုပ်အရ လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်အိအိမော် ၁၂/ရကန(နိုင်)၀၂၁၅၂၈ ပိုင်ဆိုင်သည့်အဆိုပါမြေကွက်နှင့်ယင်းမြေကွက် ပေါ်ရှိ အဆောက်အအုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသည့် ပစ္စည်းအားလုံးတို့၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိဝယ်ယူပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း လွတ်လပ်စွာပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေတစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောစာချုပ်စာတမ်းမူရင်းဖြင့် ယနေ့ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်အတွင်းလာရောက်ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့မြင့်မွန် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၅၀)**
**ဖုန်း-၀၉-၄၃၀၇၄၁၀၈၊ ၀၉-၇၆၁၆၀၄၅၀၅**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မအိမ်ရာ၊ မင်းဓမ္မလမ်း၊ Villa B-1 ၊ အမှတ်(၆၅)နေ ဒေါ်မာလာဝင်း(၁၂/သဃက(နိုင်)၀၄၂၅၃၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည် -

